# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 18 May 2022 ၁၀၇၃၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် မေ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာ ရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် ချယ်ရီ FM တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်



ရဝမ်ယဉ်ကျေးမှုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် အိမ်သုံးပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ကြည့်ရှုလေ့လာကြစဉ်။

## မြန်မာပြည်မြောက်ဖျား ပူတာအိုဒေသရှိ ရဝမ်တိုင်းရင်းသားလူမျိုးတို့၏ ရဝမ်ယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်

မြစ်ကြီးနား မေ ၁၇

မြန်မာပြည်မြောက်ဖျား ပူတာအိုဒေသရှိ ရဝမ်တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းပြသနိုင်ရေးအတွက် တည်ဆောက်ပြီးစီးသည့် ရဝမ်ယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက်က ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက် ရဝမ်အမျိုးသားဥယျာဉ်အတွင်း ကျင်းပသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

### Online လျှောက်ထားနိုင်သည့် e-Visa စနစ်တွင် Tourist Visa အား ထပ်မံတိုးမြှင့်ခွင့်ပြုကြောင်း အသိပေးကြေညာ

စာမျက်နှာ » ၅

### အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

ဆောင်းပါး စာမျက်နှာ » ၁၀



### အသိပညာသည်သာ လူ့ရဲ့ရတနာ

ဆောင်းပါး စာမျက်နှာ » ၆

### စွမ်းအင်ကို လှမ်းမြင်နိုင်ပါစေ

စာမျက်နှာ » ၁၇



ကြေးမုံ

# သဘာဝစွမ်းအင်ကို ထိရောက်စွာအသုံးချ

လူ့ဘောင်လောက ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်စွမ်းအင်သည် အရေးအကြီးဆုံးအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ မျက်မှောက်ကာလတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကြောင့် စွမ်းအင်မလုံလောက်မှုများနှင့် ကြုံတွေ့နေရပြီး လျှပ်စစ်ဓာတ်အား လုံလောက်မှုရှိစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ လျှပ်စစ်ကဏ္ဍတွင် ရေအားလျှပ်စစ်ကို အဓိကအသုံးပြုပြီး ဓာတ်ငွေ့၊ ကျောက်မီးသွေးနှင့် ဒီဇယ်စွမ်းအင်အသုံးပြုမှုများရှိသည်။ မြန်မာနိုင်ငံတွင် မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များစွာရှိ၍ ၎င်းစွမ်းအင်များအပြင် လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်နှင့် ဒီရေအတက်အကျကို အသုံးပြုသည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုများရှိသည်။ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် နေရောင်ခြည်ရရှိမှု များပြားသောကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကို ပိုမိုဆောင်ရွက်နိုင်သည်။

ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ထိရောက်စွာ အသုံးချနိုင်မည်ဆိုပါက အဆိုပါပြဿနာများကို ကျော်လွှားနိုင်ခြင်းနှင့်အတူ ပြည်ပမှ မှာယူတင်သွင်းနေရသည့် စက်သုံးဆီတင်သွင်းမှုကို လျှော့ချသွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကို အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

နေရောင်ခြည်သုံးဓာတ်အားပေးစီမံကိန်းကို မင်းဘူးမြို့တွင် တည်ဆောက်နေရာ ပထမအဆင့်တွင် ၄၀ မဂ္ဂါဝပ်ထုတ်လုပ်မည်ဖြစ်ပြီး အပြည့်အဝလည်ပတ်နိုင်ပါက မဂ္ဂါဝပ် ၁၇၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် စက်ရုံတစ်ရုံလျှင် မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းနှစ်ခုကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့တွင် တည်ဆောက်ရန် လျာထားခဲ့သည်။ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သပြေဝကျေးရွာအနီးတွင် သပြေဝနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကို စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဒုတိယမြောက် တည်ဆောက်ပြီးသည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဖြစ်သည်။

သပြေဝနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံမှ တစ်ရက်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ နှစ်သိန်းကျော်ခန့် ထုတ်လုပ်ပေးနိုင်ပြီး တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၆၆ သန်း ထုတ်လုပ်ပေးလျက်ရှိသည်။ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို လေးမိုင်ခန့်ရှိသည့် ၃၃ ကေဗွီ နှစ်ထပ် ကောင်းကင်ဓာတ်အားလိုင်းဖြင့် ကေဗွီ ၂၃၀ သပြေဝပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသည်။ ထပ်မံတည်ဆောက်မည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာမည့် ဓာတ်အားများကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ဖြန့်ဝေသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်များ အလုံအလောက်ရှိသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စက်ရုံများတည်ဆောက်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၆၀ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသည်။ မြန်မာနိုင်ငံ၌ နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၅၁၉၇၃ ဒသမ ၈ တီယာဝပ် (TWh/year) ထုတ်လုပ်နိုင်သည်ဟု နိုင်ငံတကာကျွမ်းကျင်သူတို့က သုံးသပ်ထားသည်။ မဟာမဲခေါင်ဒေသခွဲအတွင်းတွင် နေရောင်ခြည်စွမ်းအင် အလားအလာအများဆုံး တိုင်းပြည်ဖြစ်သည်။ သို့ရာတွင် နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ထက် များစွာနည်းပါးနေသည်ကို တွေ့ရသည်။

နေရောင်ခြည်သုံး လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းသည် နည်းပညာနှင့် အရင်းအနှီးကြီးမားသော လုပ်ငန်းဖြစ်၍ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍအတွက် ၂၀၂၁ ခုနှစ်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ရှစ်ရာခိုင်နှုန်း ထုတ်လုပ်ရန်ရည်မှန်းခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းအထိ ထုတ်လုပ်ရန် ရည်မှန်းထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်မားနေချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးရေး အပါအဝင် နိုင်ငံတော်၏ လျှပ်စစ်စွမ်းအင်စီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်နေပြီး သဘာဝအရင်းအမြစ်များမှရရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစနစ်များကို အသေးစားမှအကြီးစားအထိ တိုးတက်ဆောင်ရွက်ကြကာ နိုင်ငံတော်နှင့်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## နိကာယ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၂ ခုနှစ် အစိုးရနိကာယ်စာမေးပွဲကို ၁၃၈၄ ခုနှစ် နယုန်လဆန်း ၉ ရက်မှ ၁၃ ရက်အထိ (၂၀၂၂ ခုနှစ် ဇွန် ၇ ရက်မှ ၁၁ ရက်အထိ) ငါးရက်တိုင်တိုင်သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ပါသဖြင့် ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသောရက်အတိုင်း နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်များ လှူဒါန်း




**နေပြည်တော် မေ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဉာဏဂုဏ်ရည်စာသင်တိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ပရမအာရုံပြုနည်းပြကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ဗောဓိပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ သစ္စာတံခွန် မိုးကုတ်ရိပ်သာကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ မဟာထူပါရုံ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ နတ်ရေကန်သောဘိတာရာမ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက ဆွမ်းဆန်တော်များ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၅၄ | ၄၁၀,၄၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၃၈၂ | ၉၉၈,၃၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၅၂ | ၉၁၀,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၃၀ | ၇၆,၅၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၅၀ | ၁၃၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁ | ၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၁၇**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၃၈.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၄.၀၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၅၈၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၁.၃၆ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၄၉ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၀၀.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၄.၄ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၀.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၅.၄၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရေမြေရာသီဥတုအလားအလာရှိသောဒေသများ၌ စိုက်ပျိုးမြေများတိုးချဲ့နိုင်ရေးနှင့် စိုက်ပျိုးရေရရှိရေးအပေါ်အခြေခံ၍ သီးနှံပုံစံများချမှတ်ပေးရန်လို

**နေပြည်တော် မေ ၁၇**

ပဲခူးရိုးမအရှေ့ခြမ်းရှိ ဆည်ရေလှောင်တမံများနှင့် စစ်တောင်းမြစ်အကြားရှိ စိုက်ပျိုးမြေများအားလုံး စွမ်းအားပြည့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိ အလားအလာရှိသော စိုက်ပျိုးမြေများ စိုက်ပျိုးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် မြစ်ရေတင်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သဖန်းပင် မြစ်ရေတင်လုပ်ငန်းကိုကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေရရှိမှုအပေါ်မူတည်၍ နွေစပါးဧရိယာ၊ နေကြာနှင့် ဆီထွက်သီးနှံဧရိယာ၊ ရေအနည်းလို ဝင်ငွေရသီးနှံဧရိယာ စသည်ဖြင့် သီးနှံအလိုက် ဧရိယာများ သတ်သတ်မှတ်မှတ်ဆောင်ရွက်ပြီး ထိရောက်သော စိုက်ပျိုးထုတ်လုပ်မှုစနစ် ဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနများအချင်းချင်း ပူးပေါင်း၍ သီးနှံပုံစံရေးဆွဲချမှတ်ပေးရန်၊ မြေဆီလွှာဖွံ့ဖြိုးရေးအတွက် သစ်စိမ်းမြေသြဇာအသုံးပြုရေးနှင့် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာများ အကျိုးရှိထိရောက်စွာသုံးစွဲရေး၊ နည်းပညာအသိပညာပြန့်ပွားရေး တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်လတွင် မိုးစပါးစိုက်ပျိုးကြမည့် လယ်မြေများ၌



သစ်စိမ်းမြေသြဇာအဖြစ် အသုံးပြုနိုင်ရန် ပိုက်ဆံလျှော်မျိုးစေ့များကို ပေးအပ်ရာ ဒေသခံတောင်သူများက လက်ခံရယူကြသည်။ ထို့နောက် သဖန်းပင်မြစ်ရေတင်လုပ်ငန်းအတွက် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် တပ်ဆင်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

**မြေကေ ၈၃၀၀ ကျော် တိုးတက်စိုက်ပျိုးနိုင်မည်**

ပဲခူးခရိုင်၌ မြစ်ရေတင် သုံးခု၊ တောင်ငူခရိုင်၌ မြစ်ရေတင် ရှစ်ခု၊ ပြည်ခရိုင်၌ မြစ်ရေတင် ၁၁ ခု ရှိသဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်လုပ်ငန်း ၂၂ ခုမှ စုစုပေါင်း စိုက်ပျိုးမြေကေ ၅၇၀၀ ကျော်ကို အကျိုးပြုလျက်ရှိပြီး ဘဏ္ဍာနှစ်အလိုက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် ပြောင်းလဲတပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိ မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ရန် အလားအလာရှိသော ထုံဘို၊ ပဲပုတ်၊ ပျဉ်းမပင်၊ အောက်တင်းကုတ်၊ ဒိုးစိမ့်၊ နတ်သံကွင်း စသည့် ကျေးရွာခြောက်ခုတွင် ရေတင်စီမံကိန်း ဆောင်ရွက်ပြီးစီးပါက စိုက်ပျိုးမြေကေ ၈၃၀၀ ကျော် တိုးတက်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးရှိ ရဲနွယ်ရေလှောင်တမံသို့ ရောက်ရှိကြပြီး တမံကြံ့ခိုင်ရေးအတွက် ကျောက်သားအားဖြည့်တမံပိုးခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရဲနွယ်ရေလှောင်တမံသည် နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကေ ၈၆၁၀၀၀ ရှိပြီး ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ်မှ နှစ်စဉ် လျှပ်စစ်ကီလိုဝပ်နာရီ ၁၂၃ သန်း ထုတ်လုပ်ပေးလျက်ရှိကာ လက်ရှိတွင် စိစစ်ပြီး စိုက်ပျိုးမြေကေ ၅၀၀၀ ကို ရေပေးဝေလျက်ရှိသည်။ ရေသောက်စနစ်များ အားလုံးပြီးစီးပါက စိုက်ပျိုးမြေကေ ၆၂၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နည်းပညာနှင့် အကူအညီများ ပံ့ပိုးပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒိုက်ဦးနယ်မြေ ဝက်မွေးမြူရေးလုပ်ငန်း တာဝန်ရှိသူများကို တွေ့ဆုံ၍ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးကို အားပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ မြေယာများ စနစ်တကျအသုံးပြုနိုင်ရေး၊ စားသုံးသူများ ဘေးဥပဒ်ကင်းရှင်းပြီး ဈေးကွက်စံချိန်စံညွှန်း အရည်အသွေးပြည့်မီသောအသားများ ထုတ်လုပ်နိုင်ရေးတို့အတွက် မိမိတို့ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နည်းပညာနှင့် အကူအညီများ ပံ့ပိုးပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**




ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ ရဝမ်ယဉ်ကျေးမှုပြတိုက်မုခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

☆ **ရှေ့ဖုံးမှ**

ရှေးဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအက၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ရဝမ်ယဉ်ကျေးမှုပြတိုက်မုခ်ဦးကို ပြည်နယ်သယံဇာတရေးရာ ဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်ထွဋ်ဟန်၊ မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းနာယက ဦးရယ်ဒမ်းတန်နှင့် ဥက္ကဋ္ဌ ဦးထုံဖူးဒဂုဏ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မုခ်ဦးရှေ့၌ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြတိုက်၏ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းဆုတောင်းပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြတိုက်ကို မင်္ဂလာမောင်း ကိုးချက်တီး၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးရဝမ်တိုင်းရင်းသားတို့၏ လူနေမှုအဆက်ဆက် အသုံးပြုခဲ့သည့် ကျောက်၊ သစ်သား၊ ဝါးတို့ဖြင့် ပြုလုပ်ထားသည့် အိမ်သုံးပစ္စည်းများ၊ ဂီတနှင့် တူရိယာပစ္စည်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ အမဲလိုက်ရာတွင် အသုံးပြုသည့် လက်နက်ပစ္စည်းများ၊ ရိုးရာဂျပ်ခုတ်ရက်ကန်းစင်၊ ရေခဲတောင်မှ ထွက်သည့် အဖိုးတန်ဆေးဝါးဖြစ်ပစ္စည်းများ စသည်တို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

**စုပေါင်းဆင်နွှဲခဲ့**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများသည် ဒေသခံ တိုင်းရင်းသားများနှင့် အတူ မနောတိုင်ဝင်းအတွင်း ပြတိုက်ဖွင့်ပွဲအထိမ်းအမှတ် ရဝမ်တိုင်းရင်းသားတို့၏ ရိုးရာအဇီးလမ်အကအား တပျော်တပါး စုပေါင်းဆင်နွှဲခဲ့ကြသည်။

အဆိုပါ ပူတာအိုမြို့ရှိ ရဝမ်ယဉ်ကျေးမှုပြတိုက် မူလအဆောက်အအုံသည် ဟောင်းနွမ်းပျက်စီးနေသည့်အတွက် ပြတိုက်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးသွားနိုင်သောကြောင့် မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းက အဆင့်ဆင့်တင်ပြလာသဖြင့် ပေ ၁၀၀၊ ပေ ၅၀ ရှိ Steel Structure အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေး နိုင်ငံတော်အဆင့်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် ၃၉၇ ဒသမ ၂၄၇ သန်း ခွင့်ပြုပေးခြင်းဖြစ်ပြီး ရဝမ်ယဉ်ကျေးမှုပြတိုက်အသစ်အတွင်း ရိုးရာပစ္စည်း စုံလင်ခမ်းနားစွာ ခင်းကျင်းပြသနိုင်ရေးအတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့က မတည်ရန်ပုံငွေကျပ် သန်း ၃၀ ထပ်မံခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# ထူးချွန်ထက်မြက်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး အထူးကြိုးပမ်းဆောင်ရွက်

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းသို့ ရောက်ရှိပြီး စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၄၂) သင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်သည်။

**မှာကြား**

အခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန်က ဝန်ထမ်းများ အရည်အချင်း၊ အရည်အသွေး ဖွံ့ဖြိုးတိုးတက်စေရန်၊ လုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ထူးချွန်သည့်ဝန်ထမ်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးသင်တန်း၊ စာရင်းကိုင်သင်တန်း၊ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ အင်ဂျင်နီယာမွမ်းမံသင်တန်းနှင့် စာရေးသင်တန်းတို့ကို ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်း သား သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချသည့် ဘာသာရပ်များကို ကြိုးစားသင်ယူသွားကြရန်နှင့် ကော်မတီအတွက် အရည်အသွေးမြင့်မားပြီး ထူးချွန်ထက်မြက်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် အထူးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

အဆိုပါသင်တန်းကိုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်သည် မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်နှင့် ဌာနမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁၀/၂၀၂၂)သို့ တက်ရောက်ပြီး လာမည့်ဇွန်လပထမပတ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်၍ ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေး၊ ကျန်းမာရေးနှင့် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သွားရန်၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ်/ရပ်ကွက်နေပြည်သူများ ပူးပေါင်းပါဝင်စေရေး စည်းရုံးကြရန်၊ ရန်ကုန်မြို့ရှိ လမ်းမကြီးများ သန့်ရှင်းသာယာရေး စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်နှင့် စက်သုံးဆီသုံးစွဲမှုများအားစိစစ်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖြည့်သွင်းထုတ်လုပ်နေသည့် လုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်ထားသည့် ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်များကို တိတိကျကျ လိုက်နာဆောင်ရွက်

နေပြည်တော် မေ ၁၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးအား စက်ရုံမှူးနှင့် တာဝန်ရှိသူများက Myancopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပုလင်းသွင်းဖြည့်တင်းထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာနသို့ ဖြန့်ဖြူးရောင်းချပေးနေမှု၊ Myancopharm ကာကွယ်ဆေးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ကာကွယ်ဆေးသုတေသနဆိုင်ရာ ကိစ္စရပ်များကို ဆေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်၊ အရည်အသွေးစစ်ဆေးရေးနှင့် အရည်အသွေးအာမခံဌာနတို့၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် စက်ရုံသမိုင်းပြခန်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးက Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာနသို့ သတ်မှတ်အချိန်တွင် သတ်မှတ်အရေအတွက်အတိုင်း ဖြန့်ဖြူးနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဦးတည်အုပ်စုဝင်အားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အမြန်ဆုံးထိုးနှံနိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖြည့်သွင်းထုတ်လုပ်နေသည့် လုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် Bulk များ အချိန်မီရောက်ရှိစေရေး ကြိုတင်ညှိနှိုင်းထားရန်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပုလင်းသွင်း ဖြည့်သွင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်များကို တစ်သဝေမတိမ်း တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ယခုထက် ပိုမိုကြိုးစားဆောင်ရွက်ကြရန်နှင့် ခွင့်ပြုဘဏ္ဍာရန်ပုံငွေများကို အလေအလွင့်မရှိအောင် စိစစ်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး မိမိတို့ထုတ်လုပ်မည့် Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အသက်ငါးနှစ်အရွယ်မှ စတင်ထိုးနှံနိုင်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကိုပါ ဘေးကင်းစိတ်ချစွာ ထိုးနှံနိုင်သည့် ကာကွယ်ဆေးဖြစ်ကြောင်း၊ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများကိုလည်း ထပ်ဆောင်းကာကွယ်ဆေးအဖြစ် ဘေးကင်းစိတ်ချစွာ အသုံးပြုထိုးနှံမည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ သိရှိရကြောင်း၊ ပြည်သူလူထုအတွက် လိုအပ်နေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို လိုအပ်သည့်အချိန်တွင် ဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက် ဝန်ထမ်းများနှင့် တာဝန်ရှိသူအားလုံးကို အသိအမှတ်ပြု မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နေသည့် နည်းစဉ်အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်းဖွင့်လှစ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်းကို တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်လျက်ရှိပြီး ယခုသင်တန်းအမှတ်စဉ် (၆၆) ကို မေ ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ခြောက်ပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတွင် ဝန်ကြီးဌာနများနှင့် ဆက်စပ်အများပိုင်ကုမ္ပဏီများမှ သင်တန်းသား ၃၇ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ သင်တန်း၌ ဘွိုင်လာနှင့်ဆိုင်ရာ ဘာသာရပ် ၁၁ ခုကို လက်တွေ့နယ်ပယ်တွင် စစ်ဆေးနေသော အတွေ့အကြုံရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘွိုင်လာစစ်ဆေးရေးမှူးများက စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းများအနေဖြင့် အခွင့်အရေး၊ ကျင့်ဝတ်နှင့် တာဝန်များကို ကောင်းမွန်စွာ ဆက်စပ်ယှဉ်တွဲ နားလည်သဘောပေါက်ရန်လို

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အွန်လိုင်းသင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




**ဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အနေဖြင့် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ၊ ဘေးအန္တရာယ်တစ်မျိုးမျိုးကြောင့် အတိဒုက္ခခံစားနေရသူများအား ကယ်ဆယ်ထောက်ပံ့ပေးခြင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ၊ လူကုန်ကူးခံရသူများအား လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်ရေးအတွက် ကူညီထောက်ပံ့ခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများအပြင် လူ့အဖွဲ့အစည်းအတွင်း လူမှုရေးရာပဋိပက္ခ၊ ပြဿနာများကြောင့် ထိခိုက်ခံစားနေရသူများအား စိတ်လူမှုပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ သက်ဆိုင်ရာဌာနများသို့ ညွှန်းပို့ချိတ်ဆက်ပေးခြင်း စသည့် လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲခြင်းလုပ်ငန်းများကို Case Manager များမွေးထုတ်၍ ဆောင်ရွက်လျက်ရှိကြောင်း။

**လိုက်နာဆောင်ရွက်လျက်ရှိ**

အဆိုပါလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ဝန်ထမ်းများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း အရေးအပါဆုံး အခြေခံအချက်များဖြစ်သည့် အခွင့်အရေး၊ ကျင့်ဝတ်နှင့် တာဝန်များကို ကောင်းမွန်စွာ ဆက်စပ်ယှဉ်တွဲ နားလည် သဘောပေါက်ရန်လိုကြောင်း၊ လူ့အခွင့်အရေး ကြေညာစာတမ်းပါအချက်များကို လိုက်နာအကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ ယခုသင်တန်းတွင် ဆွေးနွေးပို့ချသွားမည့် အကြောင်းအရာများ၊ အသိပညာ၊ ဗဟုသုတများသည် ဝန်ကြီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းတာဝန်ထမ်းဆောင်မှု လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လေ့လာမှတ်သားအသုံးချပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်ကြစေကြောင်း ဆန္ဒပြုတိုက်တွန်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က လူ့အခွင့်အရေးနယ်ပယ်မှ အရေးကြီးသည့် အုပ်စုလိုက်အခွင့်အရေးများကို နိုင်ငံတော်အဆင့်တွင် အဓိက တာဝန်ယူဆောင်ရွက်နေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကို ဦးစားပေး၍ သင်တန်းပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် ပေးခြင်းသည် ကရုဏာတရားရှိသော လူ့အဖွဲ့အစည်းဖြစ်သည်ကို ထင်ရှားစေသည့် ပြယုဂ်ဖြစ်ကြောင်း၊ ကမ္ဘာ့မျက်မှောက်ရေးရာများတွင် လူ့အခွင့်အရေး၏ အခန်းကဏ္ဍကိုသိရှိပြီး နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်များ၌ ဖြစ်ပေါ်တိုးတက်မှုများကို မှန်မှန်ကန်ကန် ချင့်ချိန်သုံးသပ်၍ လေ့လာမှုများ ပြုလုပ်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**သုံးရက်ကြာမြင့်မည်**

လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အွန်လိုင်းသင်တန်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အရာထမ်း စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များအနက် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ အုပ်စုလိုက် အခွင့်အရေးများ၊ အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်ကြီး ကိုးခုနှင့် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးထားသော စာချုပ်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ်ခြောက်ခုကို ပို့ချဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## Online လျှောက်ထားနိုင်သည့် e-Visa စနစ်တွင် Tourist Visa အား ထပ်မံတိုးမြှင့်ခွင့်ပြုကြောင်း အသိပေးကြေညာ

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စွာ မိမိနိုင်ငံသို့ လာရောက်နိုင်ရန်အတွက် Online e-Visa (Business) လျှောက်ထားမှုလုပ်ငန်းစဉ်အား (၁-၄-၂၀၂၂) ရက်နေ့မှစ၍ ပြန်လည်စတင်ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော်မှလည်း နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ်များအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့သဖြင့် ယခုအခါ နိုင်ငံခြားသားခရီးသွားများ တိုးတက်ဝင်ရောက်လျက်ရှိနေပြီ ဖြစ်ပါသည်။

၂။ အလားတူ နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် အိမ်နီးချင်းနိုင်ငံများနှင့် ဟန်ချက်ညီဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် e-Visa(Tourist) အမျိုးအစား လျှောက်ထားမှုများအား (၂၀-၅-၂၀၂၂) ရက်နေ့မှစ၍ တိုးမြှင့်ခွင့်ပြု ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ Online e-Visa (Tourist) လျှောက်ထားရန် လိုအပ်သည့်သတ်မှတ်ချက်များအား မိမိဝန်ကြီးဌာန၏ Website လိပ်စာ https://evisa.moip.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာ၍ လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် ကွန်ပျူတာကျွမ်းကျင်မှုရှိမှသာ လိုက်ပါတာဝန်ထမ်းဆောင်နိုင်မည်

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ကွန်ပျူတာအခြေခံသဘောတရားများကို ပိုမိုသိရှိနားလည်ပြီး လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရန်အတွက် အခြေခံကွန်ပျူတာသင်တန်း (၂/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇) စုပေါင်းခန်းမတွင် ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက ယနေ့ ၂၁ ရာစုခေတ်သည် သတင်းအချက်အလက်နှင့် နည်းပညာအခြေပြုပြီး နေ့စဉ်လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေရသည်ဖြစ်ရာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအတွက် ကွန်ပျူတာပညာရပ်မှာ မဖြစ်မနေ သင်ယူတတ်မြောက်ထားရန် လိုအပ်သည့် ဘာသာရပ်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကွန်ပျူတာနှင့် သတင်းအချက်အလက် နည်းပညာဘာသာရပ်များကို အခြေခံအားဖြင့် တတ်မြောက်ပြီးဖြစ်သော်လည်း စနစ်တကျသင်ယူတတ်မြောက်ခြင်းဖြင့် မိမိတို့နေ့စဉ်ကြုံတွေ့ရသော နည်းပညာပြဿနာများကို ကိုယ်တိုင်ဖြေရှင်းနိုင်ခြင်း၊ ဆက်စပ်တွေးခေါ်နိုင်စွမ်းရှိလာခြင်း၊ ရုံးလုပ်ငန်းစဉ်များတွင် ထိရောက်စွာ အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ရုံးလုပ်ငန်းများသည် သတင်းအချက်အလက်နှင့် နည်းပညာအခြေပြု ပြောင်းလဲဆောင်ရွက်လာသည်ဖြစ်ရာ မိမိတို့ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် ကွန်ပျူတာကျွမ်းကျင်မှုရှိမှသာ လိုက်ပါတာဝန်ထမ်းဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ သို့အတွက် သင်တန်းတွင် သင်ကြားပေးသည်များကို စိတ်ပါဝင်စားစွာသင်ယူသွားရန်၊ အမြဲလေ့လာသင်ယူနေရမည့် ဘာသာရပ်များဖြစ်သည့်အတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူလိုစိတ်များဖြစ်ပေါ်လာစေရန်နှင့် နည်းပညာအခြေပြုလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကိုလည်း ထဲထဲဝင်ဝင် သိရှိနားလည်အောင် လေ့လာသင်ယူသွားရန် မှာကြားသည်။

သင်တန်းကို မေ ၁၇ ရက်မှ ဇူလိုင် ၇ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ သင်တန်းသား သင်တန်းသူ ၁၀ ဦးကို လုပ်ငန်းခွင်မပျက် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များအပြင် လုပ်ဆောင်မှုစွမ်းရည်မြင့်မားရေးနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မေ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့၌ ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။



**မှာကြား**

ဒုတိယဝန်ကြီးသည် မေ ၁၆ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ထုတ်လွှင့်မှု မပြတ်တောက်စေရေး၊ စက်ပစ္စည်းများ ပျောက်ဆုံးပျက်စီးမှုမရှိအောင် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် စက်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး မှာကြားသည်။

ထို့နောက် မြိတ်မြို့ရှိ ကိုယ်ပွားသတင်းစာတိုက်သို့ ရောက်ရှိပြီး စက်ပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် သတင်းစာဖြန့်ဝေမှုတို့နှင့်စပ်လျဉ်း၍မှာကြားကာ မီးဘေးလုံခြုံရေး ဂရုစိုက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြိတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ရောက်ရှိပြီး စာဖတ်စာငှားလာကြသူများနှင့် ကလေးစာဖတ်ခန်းတွင် လာရောက်လေ့လာနေကြသော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးနှုတ်ဆက်သည်။ (ဝဲပုံ)

ယင်းနောက် ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ တနင်္သာရီမြို့နယ်၊ ပုလောမြို့နယ်နှင့် ပလောက်မြို့တို့မှ ဦးစီးမှူးများ၊ ထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက် (မြိတ်) တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေနှင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်ဖြစ်သော ပြန်ကြားရေး၊ အသိပညာပေးရေး၊ ဖျော်ဖြေရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းရေးရာကိစ္စများနှင့် ဝန်ထမ်းများ လုပ်ဆောင်မှုစွမ်းရည်မြင့်မားရေးနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြဆွေးနွေးချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပါဝင်တက်ရောက်**

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် တနင်္သာရီ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်၊ ကလိန်အောင်မြို့နယ်နှင့် သရက်ချောင်းမြို့နယ် ဦးစီးမှူးတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် မေ ၁၇**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

## တတိယအကြိမ်ညီလာခံသို့ အလှူငွေလှူဒါန်း

**ရန်ကုန် မေ ၁၇**

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံကျင်းပရန်အတွက် အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ စာရေးဆရာ စိုးတင့်(ဧရာဝတီ)မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ စာရေးဆရာ ဖေသောရီနှင့် သမီးဇွန်ပွင့်စံက အလှူငွေကျပ်တစ်သိန်း၊ စာရေးဆရာ အောင်ကြည်ညွှန့်(တက္ကသိုလ်)မိသားစုက ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် အသင်းအတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **သတင်းစဉ်**



# အသိပညာသည်သာ လူ့ရဲ့ရတနာ

ခင်သန်းမြင့်

ဇွန်လ ၂ ရက်နေ့ဆိုရင် အခြေခံပညာကျောင်းတွေ ဖွင့်လှစ်တော့မယ်။ ပညာရေးဝန်ကြီးဌာနကလည်း ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ၂၀၂၂ ခုနှစ် မေလ ၂၆ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအပ်နှံကြဖို့ နှိုးဆော်တိုက်တွန်းလျက်ရှိပါတယ်။

### အခမဲ့ထောက်ပံ့

ဒီလရာသီကတော့ ကျောင်းသားမိဘတွေအတွက် အလုပ်ကိစ္စမြားမြောင်တဲ့ လတစ်လပါပဲ။ ပညာရေးဝန်ကြီးဌာနက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံတစ်စုံ စသဖြင့် အခမဲ့ထောက်ပံ့ပေးမယ့်အပြင် ကျောင်းအုပ်၊ ဆရာ ဆရာမအားလုံးနဲ့ အရာထမ်း၊ အမှုထမ်းအားလုံး သိရှိလိုက်နာရမယ့်အချက်တွေထဲမှာ "မည်သည့်အခကြေးငွေမျှကောက်ခံခြင်း၊ လက်ခံခြင်းမပြုရ၊ ငွေကြေး/လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ၊ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ"စတဲ့အချက်တွေ အသိပေးထုတ်ပြန်ထားပေမယ့်လည်း ကိုယ့်ရဲ့ရင်သွေးငယ်တွေအတွက် ကျောင်းအပ်နှံဖို့ကိစ္စတွေ၊ ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်၊ ထီး၊ မိုးကာဗာဟီရကအစ ပြည့်စုံအောင် ဝယ်ရတာတွေရှိသေးတာကိုး။ ကျွန်မတို့လို အသက်အရွယ်ရလာသူတွေအဖို့ကတော့ သားသမီးတွေဘွဲ့ရပညာတတ်လို့ လက်လွှတ်ပြီးသော်ငြား သားသမီးတွေက မွေးဖွားလာကြတဲ့ မြေးကိစ္စတွေကို ဝင်ပါနေရတုန်းပါပဲ။

တစ်နေ့ကဆို မြေးမလေးက သူ့အမေဝယ်လာတဲ့ အဖြူနဲ့အစိမ်း ကျောင်းဝတ်စုံလေးတွေ၊ ကျောပိုးအိတ်အသစ်၊ ဖိနပ်အသစ်ကလေးတွေ ဝတ်ပြရင်း ပျော်နေလိုက်တာ။ ဖွားဖွားကြီးဖြစ်တဲ့ ကျွန်မလည်းပျော်တယ်။ သူ့အမေဖြစ်တဲ့ ကျွန်မသမီးလည်း ပျော်နေတယ်။ ပျော်ကြမှာပေါ့။ ပြီးခဲ့တဲ့ ပညာသင်နှစ်တွေက ကိုဗစ်ရောဂါဆိုးကြီးကြောင့် ကျောင်းတွေရက်ရှည်ပိတ်ထားခဲ့ရသလို ကျောင်းတွေပြန်ဖွင့်တော့လည်း နိုင်ငံရေးအပြောင်းအလဲနဲ့အတူ အဖျက်အမှောင့်အနှောင့်အယှက် ဖျက်ဆီးမှုတွေ၊ ကောလာဟလတွေကြောင့် ရင်သွေးငယ်တွေ အေးအေးချမ်းချမ်း ပညာသင်ကြားရတယ်လို့ကို မရှိလှဘူး။ တထိတ်ထိတ်တလန့်လန့်နဲ့ပဲပေါ့။ တချို့ရင်သွေးငယ်လေးတွေဆိုရင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ခွင့်တွေ ဆုံးရှုံးခဲ့ရ၊ တစ်နှစ်နှောင့်နှေးရနဲ့ ဖြစ်ကြရတယ်။

ဒီလိုစိတ်မကောင်းစရာဖြစ်ရပ်တွေက မြန်မာနိုင်ငံမှာ အဆန်းတော့မဟုတ်ပါဘူး။ ၁၉၈၈ ခုနှစ် အရေးအခင်းအပြီးမှာလည်း ကျောင်းတွေတော်တော်နဲ့မဖွင့်နိုင်ခဲ့ဘူး။ ထိုစဉ်က နဝတအစိုးရအဖွဲ့က ကျောင်းတွေပြန်ဖွင့်ဖို့ အကောင်အထည်ဖော် စီစဉ်ပြန်တော့လည်း နိုင်ငံရေးသမားငို့ဘတွေက ကျောင်းတွေ ပြန်ဖွင့်ရင်ဖြစ်ပေါ်လာမယ့်ကိစ္စဟာ နဝတအဖွဲ့ရဲ့တာဝန်သာ ဖြစ်တယ်လို့ ပြောခဲ့ဖူးတယ်။



ထိုစဉ်က ပညာရေးဝန်ကြီး ဒေါက်တာဖေသိန်းက "အဖျက်သမားတွေရဲ့ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရတဲ့ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတွေဆုံးရှုံးခဲ့ရတာဟာ အစားထိုးဖြည့်စွမ်းနိုင်သော်လည်း ကျောင်းသား ကျောင်းသူတွေရဲ့ပညာသင်ကြားချိန် ဆုံးရှုံးခဲ့ရတာကတော့ အစားထိုးနိုင်စွမ်းမရှိတာမို့ အလွန်နစ်နာလှပါကြောင်း" မိန့်ခွန်းတစ်ခုမှာ ပြောကြားခဲ့တာ မှတ်မိပါသေးတယ်။

ဒါကြောင့် အခုလာမယ့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ကျောင်းသား ကျောင်းသူတွေ အေးချမ်းစွာ ပညာသင်ကြားရေး၊ ပညာသင်ယူခွင့်မဆုံးရှုံးစေရေးအတွက် ကျောင်းသားမိဘတွေ၊ ရပ်မိရပ်ဖတွေ၊ ဆရာ ဆရာမတွေအပါအဝင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ထိန်းသိမ်းစောင့်ရှောက်ပေးကြစေချင်ပါတယ်။

### အသိပေးနှိုးဆော်

ပညာရေးဝန်ကြီးဌာနကတော့ ကျောင်းထွက်သူလုံးဝမရှိစေရေးနဲ့ အလယ်တန်း၊ အထက်တန်းအဆင့်သို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့လူနေမှုပုံစံတွေ စွဲမြဲဆောင်ရွက်တတ်ဖို့ အသိပညာပေးရေး၊ ကျောင်းသား ကျောင်းသူတွေ ဂိမ်းစွဲလမ်းမှုပပျောက်စေရေးတို့အတွက် မိဘပြည်သူအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကျောင်းအုပ်၊ ဆရာ ဆရာမအားလုံးနဲ့ အရာထမ်း၊ အမှုထမ်းအားလုံး သိရှိလိုက်နာရမယ့်အချက်တွေအဖြစ် အသိပေးနှိုးဆော်ထားတာကို သတင်းစာမှာ ဖတ်လိုက်ရပါတယ်။

အလားတူ ကိုဗစ်ရောဂါ ကာကွယ်တားဆီးရေးအတွက် ပါးစပ်နဲ့ နှာခေါင်းစည်း (Mask) ကို ညွှန်ကြားချက်အတိုင်း စနစ်တကျတပ်ဆင်ဖို့၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ဖို့၊ လက်ကိုရေနဲ့ ဆပ်ပြာအသုံးပြုပြီး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောဖို့၊ လက်နဲ့ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတွေကိုမကိုင်ဖို့၊ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားရင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့သတင်းပို့ဖို့နဲ့ ဆေးကုသမှုခံယူဖို့၊ အသက် (၁၂) နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူတွေ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ဆိုတဲ့ အသိပေးနှိုးဆော်ချက်တွေ ထုတ်ပြန်ထားပါတယ်။

မြေးလေးတွေခေတ်မှာ ပညာသင်ယူရတာကလည်း အဘက်ဘက်ကမလွယ်ပါလားလို့ ကျွန်မတွေးနေမိတယ်။ ဒါပေမဲ့ မြေးလေးတွေ၊ ကျောင်းသား ကျောင်းသူရင်သွေးငယ်တွေကတော့ ကျောင်းပြန်တက်ကြရတော့မယ်ဆိုပြီး ပျော်နေကြရှာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရင်သွေးငယ်တွေ ကျောင်းနေပျော်၍ စာတော်အောင် ကျွန်မတို့ မိဘ၊ ဆရာတွေအပါအဝင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက အားပေးကြရပါမယ်။ အထူးသဖြင့် ကျောင်းသားမိဘတွေပဲပေါ့။

ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေ၊ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ နောက်ကွယ်မှာ ဆင်ခြင်တုံတရားနဲ့ပြည့်ဝတဲ့၊ အမြော်အမြင်ကြီးမားတဲ့မိဘတွေရှိကြတယ်လို့ ဆိုကြတယ်လေ။

### အဆိုအမိန့်တွေကြည့်ရင် တွေ့နိုင်

"မိခင်ကောင်းတစ်ယောက်၏ စွမ်းရည်သည် ဆရာပေါင်းမြောက်မြားစွာ၏ စွမ်းရည်နှင့်ညီမျှ၏" တို့၊ "ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်တိုင်းသည် ထိုကြီးကျယ်မြင့်မြတ်သောအမွေကို သူတို့၏မိခင်များထံမှရရှိခဲ့ကြသည်" တို့၊ "လူ့လောက၏ အနာဂတ်သည် မိခင်တို့၏လက်တွင်း၌သာ တည်ရှိသည်" တို့ စတဲ့အဆိုအမိန့်တွေကြည့်ရင် တွေ့နိုင်တယ်ပေ့ါ။ ကျွန်မတို့မြန်မာတွေမှာလည်း "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ"ဆိုတဲ့ စကားတွေ၊ "အပြုမှာဖခင်၏သဘော၊ အပြောမှာ မိခင်၏စရိုက်၊ ငှက်ပျောပင်စိုက်၊ မိလိုက်ဖပါ"ဆိုတဲ့ စကားလည်းရှိတယ်ပေ့ါ။ ဒါကြောင့် မိဘတွေက ကိုယ့်သားသမီးတွေကို ပညာတတ်တွေ၊ လူတော်လူကောင်းတွေဖြစ်လာအောင် ပြုစုပျိုးထောင်ပေးဖို့၊ ပညာသင်ကြားပေးဖို့ အလွန်အရေးကြီးတယ်ပေ့ါ။

ဒီလိုပြောမယ့်သာ ပြောရပေမယ့် တကယ်တော့ မြန်မာ့လူ့အဖွဲ့အစည်းဟာ ပညာကို တန်ဖိုးထားမြတ်နိုးကြတဲ့ အစဉ်အလာရှိပြီးသားပါ။ မိဘတိုင်းကလည်း ကိုယ့်သားသမီးတွေကို ပညာတတ်ကြီးဖြစ်စေချင်ကြတာချည်းပါပဲ။ ထူးချွန်ထက်မြက်တဲ့ ကမ္ဘာသိ မြန်မာနိုင်ငံသားအများအပြားလည်း ရှိခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း "ပညာ နရာနံ ရတနံ"၊ "အသိပညာသည်သာ လူ့ရဲ့ရတနာ"၊ "ပညာသည်သာလျှင် လူသားတွေအတွက် ရတနာဖြစ်ပါတယ်" လို့ ဟောကြားတော်မူပါတယ်။

ဒ့ါအပြင် မြတ်စွာဘုရားရှင်က ပညာရှာရာမှာ ထကြွလုံ့လရှိစေဖို့အတွက် -

- ပျင်းရိသောသူမှာ (အသက်မွေးမှု)အတတ်ပညာ အဘယ်သို့ရပါမည်နည်း။
- အတတ်ပညာမရှိသူမှာ ဥစ္စာဓန အဘယ်သို့ရပါမည်နည်း။
- ဓနမရှိသူမှာ (ကလျာဏမိတ္တ) အဆွေခင်ပွန်းကောင်း အဘယ်သို့ရပါမည်နည်း။
- မိတ်ဆွေကောင်းမရှိသူမှာ ချမ်းသာမှု အဘယ်သို့ရပါမည်နည်း။
- ချမ်းသာမှုမရှိသူမှာ ကောင်းမှုကုသိုလ် အဘယ်သို့ရပါမည်နည်း။
- ကောင်းမှုကုသိုလ်မရှိသူမှာ မြတ်သောနိဗ္ဗာန်ကို အဘယ်သို့ရပါမည်နည်း။ စသဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

ရှေးရှေး မြန်မာပညာရှိကြီးတွေကလည်း လူငယ်တွေ၊ ရင်သွေးငယ်တွေ မပျင်းမရိဘဲ အတတ်ပညာကိုကြိုးစားသင်ယူကြအောင် ဆုံးမတဲ့စာတွေ အများအပြားရေးသားခဲ့ကြပါတယ်။ စတုရင်္ဂဗလ ပညာရှိအမတ်ကြီးဆိုရင် လူငယ်တွေအတတ်ပညာလိုလားအောင် ပဏ္ဍိတကဏ္ဍဆိုပြီး အပိုင်းလိုက်ခွဲခြားဆုံးမခဲ့ပါတယ်။ သူတော်ကောင်းနဲ့ပေါင်းသင်းနိုင်အောင် သူတော်ကောင်းဆိုင်ရာအပိုင်းကို သုဇနကဏ္ဍ၊ သူယုတ်မာတို့ကို ရှောင်ကြဉ်နိုင်အောင် ဒုဇ္ဇနကဏ္ဍ၊ အသက်အရွယ်လူလားမြောက်လာတဲ့အခါ မိတ်ကောင်း၊

စာမျက်နှာ ၇ သို့ ✻

❖ မြေးလေးတွေခေတ်မှာ ပညာသင်ယူရတာကလည်း အဘက်ဘက်ကမလွယ်ပါလားလို့ ကျွန်မတွေးနေမိတယ်။ ဒါပေမဲ့ မြေးလေးတွေ၊ ကျောင်းသား ကျောင်းသူရင်သွေးငယ်တွေကတော့ ကျောင်းပြန်တက်ကြရတော့မယ်ဆိုပြီး ပျော်နေကြရှာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရင်သွေးငယ်တွေ ကျောင်းနေပျော်၍ စာတော်အောင် ကျွန်မတို့မိဘ၊ ဆရာတွေအပါအဝင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက အားပေးကြရပါမယ်။ အထူးသဖြင့် ကျောင်းသားမိဘတွေပဲပေါ့။

❖ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း "ပညာ နရာနံ ရတနံ"၊ "အသိပညာသည်သာ လူ့ရဲ့ရတနာ"၊ "ပညာသည်သာလျှင် လူသားတွေအတွက် ရတနာဖြစ်ပါတယ်"လို့ ဟောကြားတော်မူ

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက် တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနေသည်ကို တွေ့ရစဉ်။




ပဲခူးတိုင်းဒေသကြီး တောင်ငူတက္ကသိုလ်၌ အေးချမ်းပျော်ရွှင်စွာ တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဆက်လက်ဖွင့်လှစ်သင်ကြား

**နေပြည်တော် မေ ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို မေ ၁၂ ရက်မှစတင်၍ ပုံမှန် ပညာသင်နှစ်ဝက်ကာလအတိုင်း ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် ကျောင်းများ၌ ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ ကျောင်းပြန်လည်တက်ရောက်လျက် ရှိကြသည်။

ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်ရွာအခြေပြု ပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**

## အခြေခံပညာအထက်တန်းအဆင့် Grade - 11(သင်ရိုးသစ်) ပြည်နယ်အဆင့် နည်းပြသင်တန်းဆွေးနွေးပွဲ ကျင်းပ



**လားရှိုး မေ ၁၇**

လားရှိုးမြို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့် Grade-11 (သင်ရိုးသစ်) ပြည်နယ်အဆင့် နည်းပြသင်တန်း ဆွေးနွေးပွဲအခမ်းအနား ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းနည်းပြများနှင့် သင်တန်းသားဆရာ ဆရာမများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ပညာရေးဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အထက်တန်းပြဆရာဆရာမ ၂၃၀ တို့တက်ရောက်ခဲ့ကြကြောင်းနှင့် ယခုဆွေးနွေးပွဲတက်ရောက်ကြသည့် ဆရာ ဆရာမများမှာ မြို့နယ်အဆင့် ဖွင့်လှစ်မည့် သင်တန်းတွင် ပြန်လည်ပို့ချသင်ကြားပေးရမည် ဖြစ်ကြောင်း သိရသည်။ **ဇာဏီအောင်(လားရှိုး)**

✻ **စာမျက်နှာ ၆ မှ**

ဆွေကောင်းပေါင်းသင်းနိုင်အောင် မိတ္တကဏ္ဍ၊ အိမ်ထောင်ပြုဖို့ရည်ညွှန်းချင့်ချိန်နိုင်တဲ့ ကလတ္တကဏ္ဍ၊ မင်းမှုထမ်းဖြစ်စေ၊ ကိုယ်တိုင်အုပ်ချုပ်ရတဲ့ မင်းစိုးရာဇာဖြစ်စေ ကျင့်သုံးရမယ့်ရာဇကဏ္ဍ၊ လောကီလောကုတ္တရာ အထွေထွေအကျင့်တရားတွေကို ပြတဲ့ ပတိဏ္ဏကကဏ္ဍဆိုပြီး တစ်ပိုင်းစီခွဲခြားဆုံးမစာတွေရှိခဲ့ပါတယ်။

စာသင်ပျို့နုတို့ အခြေပြုဖို့အတွက် အရှင်မဟာရဋ္ဌသာရရေးဖွဲ့ဆုံးမတော်မူတဲ့ “သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခါ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့” ဆုံးမစာကတော့ ဘယ်ခေတ်မဆို ပညာရှာမှီးသူတို့အတွက် အသုံးဝင်အသုံးတည့်နေဆဲလို့ပဲဆိုရမှာပါ။ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခါ ဆိုတာက -

၁။ သု(သုဏေယျ)-ကြားနာရမယ်။(စာဖတ်ရမယ်)
၂။ စိ(စိန္တေယျ)- ကြံစည်ရမယ်။ စာပါအကြောင်းအရာကို ကိုယ့်ဉာဏ်နဲ့လည်း ကိုယ်တွေးယူရမယ်။ တစ်ထွာပြရင် တစ်လံမြင်ရမယ့်သဘော။
၃။ ပု(ပုစ္ဆေယျ) - မေးမြန်းရမယ်။ မရှင်းလင်းတဲ့အချက်တွေနဲ့ အကျယ်ဝိတ္ထာရသိစရာတွေကို ပညာရှိတွေကို ချဉ်းကပ်မေးမြန်းရမယ်။
၄။ ဘာ(ဘာသေယျ)- ပြောဆိုရမယ်။ ထိုစာကို ဖတ်ဖူးသူတွေနဲ့ ဆွေးနွေးပြီး ဉာဏ်ချင်းဖလှယ်ရမယ်။
၅။ ဝိ(ဝိစာရေယျ) - စူးစမ်းရမယ်။ အခြားသော အဆိုအမိန့်အရေးအသားတွေနဲ့ ညှိနှိုင်းကြည့်ရမယ်။
၆။ လိ(လိခေယျ) - ရေးသားမှတ်သားထားရမယ်။ မှတ်စုသဘောမျိုး ထုတ်နုတ်ရေးသားထားရမယ်။
၇။ သိ(သိက္ခေယျ)- လေ့ကျင့်ရမယ်။ အပြန်ပြန်ဖတ်ရမယ်၊ ရေးရမယ်။
၈။ ခါ(ခါရေယျ)- နှုတ်ငုံဆောင်ရမယ်။ အရေးတကြီး အသုံးဝင်မယ့်စာပိုဒ်တွေကို အလွတ်ကျက်မှတ်ထားရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

### ကျောင်းတွေ ဖွင့်လှစ်တော့မယ်

မကြာမီကျောင်းတွေ ဖွင့်လှစ်တော့မယ်။ ကျွန်မ မြေးငယ်လေးအပါအဝင် ရင်သွေးငယ်တို့ရဲ့ လိခေယျဆိုတဲ့ အိမ်စာတွေလေ့ကျင့်မှတ်သားဖတ်မှတ်ရေးသားနေမယ့် ပုံရိပ်တွေ၊ ခါရေယျဆိုတဲ့ ကျောင်းသင်ခန်းစာတွေကို နှုတ်တတ်အာဂုံဆောင်ကျက်မှတ်နေတဲ့ အသံတွေမြင်ရကြားရပါတော့မယ်။ သစ်လွင်တဲ့အဖြူ အစိမ်းကျောင်းဝတ်စုံလေးကို ဝတ်ဆင်ပြီး ကျောပိုးအိတ်နဲ့၊ ခြေထောက်ကဖိနပ်အသစ်လေးကို ငုံ့ငုံ့ကြည့်ရင်း အပျံသင်စ ငှက်ကလေးတွေလို အတောင်ပံတဖျပ်ဖျပ်အားယူခတ်ရင်း ခုန်ဆွခုန်ဆွ မြောက်ကြွမြောက်ကြွ ခြေလှမ်းတွေနဲ့ ကျောင်းသွားတက်တော့မယ့် မြေးငယ်လေးနဲ့ အားလုံးသော ရင်သွေးငယ်လေးတွေကို ကျွန်မမြင်ယောင်လာမိတယ်။ တကယ့်ကို ကြည်နူးစရာကောင်းတဲ့ ပုံရိပ်မြင်ကွင်းတွေပါ။

တကယ်တော့ မြေးငယ်လေးနဲ့ ရင်သွေးငယ်တို့ရဲ့ခြေလှမ်းတွေဟာ သူတို့ရဲ့အနာဂတ်အတွက်သာမက မြန်မာ့လူ့အဖွဲ့အစည်းရဲ့အနာဂတ်၊ မြန်မာနိုင်ငံရဲ့အနာဂတ် ခြေလှမ်းတွေလည်းဖြစ်ပါတယ်။ မြေးငယ်လေးအပါအဝင် မြန်မာ့ရင်သွေးငယ်တွေ အားလုံး အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် မြန်မာ့လူ့အဖွဲ့အစည်းအားလုံးကလည်း ဝိုင်းဝန်းကူညီပေးကြပါလို့ ထပ်ဆင့်တိုက်တွန်းနှိုးဆော်ပါရစေ။ ။

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”
### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံး နှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**ပညာရေးဝန်ကြီးဌာန**

## ကျောင်းသား ကျောင်းသူများကို လိမ္မာယဉ်ကျေးပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးလာအောင် သင်ကြားပေးကြရမည်



ပဲခူး မေ ၁၇

နိုင်ငံတော်မှ ပညာရေးစနစ်သစ်ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆရာ ဆရာမများသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

**Grade–11 (သင်ရိုးသစ်) နည်းပြသင်တန်း**

ယမန်နေ့နံနက်ပိုင်းတွင် အမှတ်(၃)အခြေခံ ပညာ အထက်တန်းကျောင်း၊ ဝိုင်အမ်ဘီအေခန်းမ၌ ဖွင့်လှစ်သည့် တိုင်းဒေသကြီးအဆင့် Grade–11 (သင်ရိုးသစ်) နည်းပြသင်တန်းသို့ တက်ရောက်စဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများကို သင်ကြားရာတွင် သင်တန်းမှပို့ချခဲ့သည့်အတိုင်း အပြည့်အဝပြန်လည် ပို့ချသင်ကြားပေးရန်လိုကြောင်း၊ လိမ္မာယဉ်ကျေးပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးလာအောင် သင်ကြား ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးက တိုင်းဒေသကြီးအဆင့် (သင်ရိုးသစ်)နည်းပြသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းကြီးကြပ်၊ နည်းပြ၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ များအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အာဟာရဖွံ့ဖြိုး ရေးလုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲသို့ တက်ရောက်ပြီး ပြည်သူတစ်ရပ်လုံး အာဟာရဖွံ့ဖြိုး တိုးတက်စေရေး၊ ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အာဟာရချို့တဲ့မှု မဖြစ်စေရေးအတွက် သင်တန်းမှ သင်ကြားပေးလိုက်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နည်းပြ၊ ကြီးကြပ်သူနှင့် သင်တန်းသား သင်တန်းသူ များအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ အခြေခံပညာအလယ်တန်းအဆင့် Grade-8 သင်ရိုးသစ်မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်



ပေါင်းတည် မေ ၁၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းအဆင့် Grade–8 သင်ရိုးသစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပေါင်းတည်မြို့ အထက(ပညာရတနာ)ခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ပညာရေးမှူး (ယာယီ/တွဲ) ဆရာကြီးဦးသောင်းဌေးက သင်ရိုးသစ် အကောင်အထည်ဖော်ရာတွင် အလွန်အရေးကြီးသည့်အတွက် သင်တန်းသား ဆရာ ဆရာမများအနေဖြင့် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်တွင် ကျွမ်းကျင်စွာသင်ကြား ပို့ချနိုင်မှသာ ကျောင်းသား ကျောင်းသူများ အမှန်တကယ်တတ်မြောက်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းကျောင်းအုပ်နှင့် အလယ်တန်းပြ သင်တန်းနည်းပြဆရာ ဆရာမ ၃၁ ဦးက သင်တန်းသား သင်တန်းသူ ၂၈၄ ဦး အား သင်ကြားပေးမည် ဖြစ်ကြောင်းနှင့် သင်တန်းကို မေ ၁၆ ရက်မှ ၁၈ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြား ပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲ ကျင်းပ




မန္တလေး မေ ၁၇

ဂျပန်နိုင်ငံအခြေစိုက် (J–Test) ဂျပန်ဘာသာစကားစာမေးပွဲကို VAC Yangon Co.,Ltd. က ဦးစီး၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၌ မေ ၁၅ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပရာ လာရောက် ဖြေဆိုသူ ၁၅၂ ဦးရှိကြောင်း သိရသည်။ **မန်း(ကိုယ်ပွား)**



## အခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်း ဖွင့်လှစ်

နေပြည်တော် မေ ၁၇

အခြေခံလျှပ်စစ် သံဂဟေဆက်နည်းပညာ (TOT)သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များအနေဖြင့် History of Welding ၊ Safety & Protection Equipment၊ Welding Joint ၊ Selection of Welding Electrode၊ SMAW–Shield Metal Arc Welding (Stick Welding)၊ တေ့ဆက် (Butt Joint)၊ တီပုံအဆက် (T–joint)၊ ထပ်ဆက် (Lap joint)၊ ထောင့်ဆက် (Corner Joint)၊ အနား စောင်းအဆက် (Edge Joint) နည်းပညာများကို မေ ၁၇ ရက်မှ ၃၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



တောင်ကြီး မေ ၁၇

၂၀၂၂ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို မေ ၁၆ ရက် မွန်းလွဲ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပ သည်။

**သုံးပွဲပြတ်ဖြင့်အနိုင်ရ**

ပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းနှင့် တောင်ကြီး ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီး များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး တောင်ကြီးခရိုင်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသမီး ပူးတွဲ တတိယဆုရရှိသော လားရှိုးခရိုင်အသင်းနှင့် မိုးမိတ်ခရိုင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်းကျပ်စီကိုလည်းကောင်း၊ ဒုတိယဆု ရရှိသော ကျောက်မဲခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆု ရရှိသူများအား ဆုတံဆိပ်နှင့် ငွေကျပ် ငါးသောင်းစီကို လည်းကောင်း၊ အမျိုးသမီး ပထမဆုရရှိသော တောင်ကြီးခရိုင်အသင်းအား တစ်ဦးချင်းဆု တံဆိပ်နှင့် ငွေကျပ် ရှစ်သိန်း၊ ပထမဆုဖလားတို့ကို လည်းကောင်း၊ အမျိုးသားပူးတွဲ တတိယဆုရရှိသော ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းနှင့် လင်းခေး ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် သုံးသိန်းစီကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်းတို့ကို လည်းကောင်း၊ နေရာအလိုက် အကောင်းဆုံး အားစားသမားဆုရရှိသူများအား လည်းကောင်း၊ ပထမဆုရရှိသော တောင်ကြီးခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေကျပ် ရှစ်သိန်းနှင့် ပထမဆု ဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဘုတ်ပြင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာ ရွေးချယ်

ဘုတ်ပြင်း မေ ၁၇

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းနှင့် Cash For Work စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် ကျေးရွာအတည်ပြု ရွေးချယ်ခြင်းအခမ်းအနားကို မေ ၁၅ ရက်က မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

အခမ်းအနားတွင် ဘုတ်ပြင်းမြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းသုံး ပစ္စည်းဝယ်ယူရေးဆိုင်ရာ စံနှုန်းများအကြောင်း၊ စီမံကိန်းကျေးရွာရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် စီမံကိန်းဆောင်ရွက်ခွင့် ရရှိမည့် ကျေးရွာအနေဖြင့် ဦးစီးဌာနက ပံ့ပိုးငွေကျပ် သိန်း ၁၀၀ အပြင် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေ များဖြင့် ပေါင်းစပ်ဆောင်ရွက်လိုသည့်ကျေးရွာများ ကို ဦးစားပေးရွေးချယ်စေလိုကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဘုတ်ပြင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တည်ဆောက်ရေးနှင့် လုပ်ငန်းကြီးကြပ်ရေးကော်မတီဝင်များ၊ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့ဝင်များက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်း ဝယ်ယူရေးဆိုင်ရာ စံနှုန်းများ နှင့်ကိုက်ညီသည့်ဆိုင်များ၊ ကျေးရွာတစ်ရွာလျှင် ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ စီဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာနှင့် Cash For Work စီမံကိန်း ဆောင်ရွက်မည့်ကျေးရွာနှစ်ရွာကို ရွေးချယ်ပေးခဲ့ ကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်ထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ဖျာပုံ မေ ၁၇

ဧရာဝတီ တိုင်းဒေသကြီး ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက် ၁၉ နှစ် အောက် လေးမြို့နယ် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကို ယနေ့မွန်းလွဲ ၃ နာရီက ဖျာပုံ မြို့ရှိ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဖျာပုံ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်များမှ မြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဖွင့်ပွဲနေ့ပွဲစဉ် အဖြစ် ဖျာပုံမြို့နယ် ဘောလုံး အသင်းနှင့် ကျိုက်လတ်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစား ခဲ့ကြပြီး အဆိုပါဘောလုံးပြိုင်ပွဲ ကို မေ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ ၀၂၇




# ဖရဲကျေးရွာ ခေတ်မီစံပြကျေးရွာထူထောင်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

သနပ်ပင် မေ ၁၇

ပဲခူးခရိုင် သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၆ ရက်တွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သနပ်ပင်မြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူးက ခေတ်မီ စံပြကျေးရွာ အကောင်အထည် ဖော်ဆောင်ရွက်ထားရှိမှု အခြေ အနေများကို ရှင်းလင်းတင်ပြရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန် ရှိသူများသည် ဆိုလာစွမ်းအင်သုံး ရေတင်စက်ဖြင့် စိုက်ပျိုးရေ ရရှိရေး သရုပ်ပြမှုအား ကြည့်ရှု အားပေးခဲ့ပြီးနောက် ကုန်ထုတ် လမ်း ဆောင်ရွက်မည့်နေရာအား ကွင်းဆင်းကြည့်ရှုကာ လိုအပ် ချက်များအပေါ် အကြံပြု လမ်း ညွှန်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့်အဖွဲ့သည် ပဲခူး တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးသို့ ရောက်ရှိရာ တိုင်းဒေသကြီး ဦးစီးမှူးက ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်လုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း စဉ်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ လမ်းညွှန် မှာကြား ဆွေးနွေးခဲ့ကြောင်း သိရ သည်။ ၂၂၂



အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဂုဏ်ပြုဆောင်းပါး

# အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

**၁၉၇၇ ခုနှစ် မေလ ၁၈ ရက်နေ့မှစတင်ပြီး အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council of Museum) မှ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ကို ဦးဆောင်ကျင်းပခဲ့သည်မှာ ၂၀၂၂ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ၄၅ ကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။**

သီသီသောင်း

### စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM) ကို ၁၉၄၆ ခုနှစ် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အဖွဲ့ဝင်ပြတိုက်ပေါင်း ၂၀၀၀၀ ကျော်၊ ပြတိုက်ပညာရှင်ပေါင်း ၃၅၀၀၀ ကျော်နှင့် ကမ္ဘာတစ်ဝန်းလုံး ပြတိုက်ဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းကော်မတီ ၁၇၂၃ ကျော်ဖြင့် ပြတိုက်ပညာရပ်ဆိုင်ရာ မျိုးဆက်သစ်များအား စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပေသည်။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM) သည် ပြတိုက်များကို စနစ်တကျ စုစည်း၍ ပြတိုက်ပညာရပ်ဆိုင်ရာ နည်းပညာများနှင့် ပတ်သက်သည့် အကြံဉာဏ်များ၊ ပြတိုက်ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု အကူအညီပေးနိုင်ရန်အတွက် နိုင်ငံပေါင်း ၆၀ ကျော်မှ အမျိုးသားပြတိုက်အဆင့် ကော်မတီများနှင့် ဆက်သွယ်ထားရှိပြီး တစ်ကမ္ဘာလုံးမှ ပြတိုက်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းပေါင်း ၂၂၀၀ ကျော်နှင့်လည်း ဆက်သွယ်ဆောင်ရွက် လုပ်ကိုင်လျက်ရှိသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ရိုးရာထုံးတမ်းအစဉ်အလာများ၊ သမိုင်းတန်ဖိုးလက်ရာများ၊ ရှေးဟောင်းတန်ဖိုးလက်ရာများ မတူကွဲပြားစွာ ရှိနေကြပေသည်။ ထိုတန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ့ရတနာများ တစုတစည်းတည်း စုစည်းပြသထားသည့်နေရာမှာ ပြတိုက်များပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ပြတိုက်များသည် မြန်မာ့ရာဇဝင်နှင့်သမိုင်းကြောင်းများကို ထင်ဟပ်စေသည့် ထူးခြားထင်ရှားသော စုဆောင်းပြသပစ္စည်းများစွာကို ပိုင်ဆိုင်ထားကြပါသည်။ အဆိုပါ ပြသပစ္စည်းများသည် မြန်မာ့သမိုင်းကြောင်း အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်ကူးလူး ဆက်သွယ်ထားသော တိုင်းပြည်၏ အဖိုးမဖြတ်နိုင်သည့် ရတနာများဖြစ်ကြပြီး မြန်မာနိုင်ငံသားတို့၏ ဖန်တီးနိုင်မှုနှင့် အောင်မြင်မှုတို့အတွက် သက်သေတစ်ခုပင်ဖြစ်ပါသည်။

ပြတိုက်ဟူသောဝေါဟာရသည် အင်္ဂလိပ်ဘာသာဖြင့် Museum ဟုခေါ်ပြီး အင်္ဂလိပ်ဘာသာပင်ရင်းမဟုတ်ဘဲ ရှေးဟောင်းဂရိဘာသာစကား mouse-ion (မောင်စီယွန်) မှ ဆင်းသက်လာပေသည်။ ဂရိဒဏ္ဍာရီလာ muse (မျူစ်)သည် စာပေ၊ ဂီတ၊ အနုပညာတို့ကို စောင့်ရှောက်ကုန်သော နတ်သမီးများပျော်စံရာဘုံဗိမာန်ဟု အဓိပ္ပာယ်ရပေသည်။ ထို့ကြောင့် ပြတိုက်များသည် စာပေ၊ ဂီတ၊ အနုပညာဆိုင်ရာပစ္စည်းများကို စုဆောင်း၊ ထိန်းသိမ်း၊ သုတေသနပြု၊ ခင်းကျင်းပြသကာ အများပြည်သူများကို အသိပညာဗဟုသုတ ဖြန့်ဝေပေးရာ ဗဟိုဌာနဟု ဖွင့်ဆိုကြလေသည်။




Moderator ဆရာကြီး၊ ဆရာမကြီးများနှင့်အတူ စာရေးသူတို့အား တွေ့ရစဉ်။

### ပညာပေးရေးအဖွဲ့အစည်း

International Council of Museum (ICOM) မှ ပြတိုက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ "ပြတိုက်ဟူသည် အများပြည်သူပညာရစေရန်၊ လူ့အသိုင်းအဝိုင်းနှင့် လူ့ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အများပြည်သူစိတ်ကျေနပ်မှု ရရှိနိုင်ရန် ငွေကြေးအမြတ်အစွန်းကို အဓိကမထားဘဲ ဝန်ဆောင်မှုပေးရသော အမြဲတမ်းဖွင့်လှစ်ရသည့် ပညာပေးရေးအဖွဲ့အစည်း ဖြစ်ပါသည်။

ပြတိုက်များသည် ပြသပစ္စည်းများ စုဆောင်းခြင်း၊ စုဆောင်းရရှိသော ပြသပစ္စည်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ၎င်းပြသပစ္စည်းများ၏ အချက်အလက်များ ပိုမိုခိုင်မာသိရှိမှုရှိစေရန် သုတေသနပြုခြင်း၊ အများပြည်သူလူထုနှင့် ပညာရပ်ဆိုင်ရာ ကူးလူးဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ် ဒြပ်ရှိဒြပ်မဲ့ ပစ္စည်းများကို ခင်းကျင်းပြသခြင်းဟူသော ပြတိုက်လုပ်ငန်းစဉ်အပြင် ပြည်သူလူထုအား ပညာပေးရန် ပညာရပ်ဆိုင်ရာဗဟုသုတများအား စိတ်ပျော်ရွှင်မှုရရှိစေရန် ဖန်တီးထားသည့် ဌာနဖြစ်ပေသည်" ဟု ၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM)က အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပေသည်။

### ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်

တစ်နည်းဆိုရသော် ပြတိုက်ဆိုသည်မှာ အများပြည်သူအကျိုးငှာ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပညာပေးရန်အတွက် ရည်ရွယ်၍ ခင်းကျင်းပြသဖွင့်လှစ်ထားခြင်း ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီသည် ပြတိုက်အဓိပ္ပာယ်နှင့် ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်ဆိုင်ရာ လုပ်ငန်းဆောင်တာများ အခြေခံစံနှုန်း စည်းမျဉ်းများ၊ အပြည်ပြည်ဆိုင်ရာ ပြတိုက်အသိုင်းအဝိုင်းမှ လက်ခံကျင့်သုံးသော ကျင့်ဝတ်ဆိုင်ရာ အခြေခံသဘောတရားများကို အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီဥပဒေနှင့် ထင်ဟပ်စေပါသည်။

အချို့နိုင်ငံများသည် မိမိကိုယ်ပိုင်ပြတိုက်ဥပဒေများ ဖန်တီးရေးဆွဲရန်အတွက် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ ဥပဒေများကို အခြေခံအုတ်မြစ်တစ်ခုကဲ့သို့ အသုံးပြုကြပါသည်။ မြန်မာနိုင်ငံသည်လည်း အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ရာ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ မူဘောင်တစ်ခုချင်းစီမှ ပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံရှိ ပြတိုက်များမှ ကျင့်သုံးလိုက်နာရမည် ဖြစ်ပေသည်။

### ပြတိုက်မရှိသောနိုင်ငံဟူ၍ မရှိ

၂၀ ရာစုနောက်ပိုင်းတွင် ပြတိုက်များသည် နိုင်ငံ၏မျက်နှာစာ၊ နိုင်ငံ၏ဂုဏ်ဒြပ်များကို ရည်ညွှန်းဖော်ပြလျက်ရှိသည်ကို ပိုမိုသိရှိလာကြသည့်အလျောက် နိုင်ငံတကာတွင် ပြတိုက်ကြီး၊ ငယ်များ အရှိန်အဟုန်ဖြင့် တိုးတက်ပေါ်ထွန်းလာခဲ့ရာ ပြတိုက်မရှိသောနိုင်ငံဟူ၍ မရှိသလောက်ပင် ဖြစ်ပေသည်။ တစ်ကမ္ဘာလုံးတွင်လည်း ပြတိုက်ပညာရပ်ဆိုင်ရာ သင်တန်းပေးသည့် ဌာနပေါင်း ၈၀ ကျော်ခန့်အထိတိုးပွားလာပြီး ပြသပစ္စည်းအလိုက် အမျိုးအစားခွဲခြားပြသသည့် အထူးပြုပြတိုက် ထူထောင်သည့်ခေတ်သို့ရောက်ရှိလာသလို ပြသပစ္စည်း အမျိုးအစား ခွဲခြားမှတ်ပုံတင်ခြင်းစနစ်အား Computer Data base ၊ Software များဖြင့် စာရင်းသွင်းမှတ်တမ်းတင်နိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်ပေသည်။ ပြတိုက်များသည် ပြည်သူလူထုအသိဉာဏ်မြင့်မားစေရန်အတွက် ပညာပေးရာ၊ ဗဟုသုတပေးရာ ယဉ်ကျေးမှုဗဟိုဌာနများအဖြစ် အများပြည်သူများက ပိုမိုသိရှိနားလည်လာကြပြီ ဖြစ်ပေသည်။

၁၉၇၇ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုတွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ (၁၁)ကြိမ်မြောက် ညီလာခံမှ မေလ ၁၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ (International Museum Day) ဟူ၍ သတ်မှတ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပေသည်။

ထိုဆုံးဖြတ်ချက်နှင့်အညီ နိုင်ငံတကာမှ မေလ ၁၈ ရက်နေ့တွင် အထူးပြပွဲများ၊ ပွဲတော်များ ကျင်းပခဲ့ကြပေသည်။ ထိုသို့ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားများကို တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်းများစွာမှ ပြတိုက်များတွင် တချို့တစ်ရက်တည်းသာ ကျင်းပသော်လည်း တချို့က စနေ၊ တနင်္ဂနွေပိတ်ရက်များ၊ တချို့က တစ်ပတ်၊ တချို့က တစ်လတိတိ မိမိပြတိုက် မူဝါဒအပေါ်လိုက်၍ အချိန်ကာလအမျိုးမျိုး သတ်မှတ်ကျင်းပကြပါသည်။

ကမ္ဘာ့ပြတိုက်များ ညီလာခံများကို အာရှ၊ အာဖရိက၊ ဂျပန်၊ ဥရောပ၊ အမေရိက စသည်တို့တွင် အလှည့်ကျကျင်းပပြီး ပြတိုက်နှင့်ပြည်သူ ရင်းနှီးချစ်ကြည်စွာထိတွေ့နိုင်ရေး၊ ပြည်သူများ အသိပညာပေးရေး၊ ယဉ်ကျေးမှုမြှင့်တင်ရေးနှင့် ဖလှယ်ရေး၊ ပြတိုက်နယ်ပယ်အသီးသီးရှိ ဝန်ထမ်းများ၏ ပြတိုက်ပညာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားရေး စသည့် အချက်များကို ထည့်သွင်းဆုံးဖြတ်ချက် ချမှတ်ခဲ့ကြပေသည်။

ယင်းတို့၏ အသီးအပွင့်များအဖြစ် ပြတိုက်ပညာရပ်ဆိုင်ရာ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ကတ်တလောက်၊ **စာမျက်နှာ ၁၁ သို့ ✻**

> **"၂၀ ရာစုနောက်ပိုင်းတွင် ပြတိုက်များသည် နိုင်ငံ၏မျက်နှာစာ၊ နိုင်ငံ၏ဂုဏ်ဒြပ်များကို ရည်ညွှန်းဖော်ပြလျက်ရှိသည်ကို ပိုမိုသိရှိလာကြသည့်အလျောက် နိုင်ငံတကာတွင် ပြတိုက်ကြီး၊ ငယ်များ အရှိန်အဟုန်ဖြင့် တိုးတက်ပေါ်ထွန်းလာခဲ့ရာ ပြတိုက်မရှိသောနိုင်ငံဟူ၍ မရှိသလောက်ပင်ဖြစ်ပေသည်။ တစ်ကမ္ဘာလုံးတွင်လည်း ပြတိုက်ပညာရပ်ဆိုင်ရာ သင်တန်းပေးသည့် ဌာနပေါင်း ၈၀ ကျော်ခန့်အထိ တိုးပွားလာပြီး ပြသပစ္စည်းအလိုက် အမျိုးအစားခွဲခြားပြသသည့် အထူးပြုပြတိုက် ထူထောင်သည့်ခေတ်သို့ရောက်ရှိ"**

✻ စာမျက်နှာ ၁၀ မှ

ပညာပေးစာအုပ်များ ထွက်ရှိလာပေသည်။ ထို့ပြင် ပြသပစ္စည်းများ ထိန်းသိမ်းခြင်း၊ လူထုဆက်ဆံရေးနှင့် ပြတိုက်ပညာပေးခြင်း၊ ခင်းကျင်းပြသခြင်း၊ ပြတိုက်စီမံခန့်ခွဲခြင်း၊ ပြတိုက်ဈေးကွက်ဖော်ဆောင်ခြင်း၊ ပြသပစ္စည်းစုဆောင်းခြင်း စသည့်ပြတိုက်ပညာရပ်ဆိုင်ရာ ဘာသာရပ်များ သင်ကြားသည့် ပြတိုက်ပညာရပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့်ပေးရာ သင်တန်းများ၊ ကျောင်းများ၊ တက္ကသိုလ်များ ပေါ်ပေါက်လာကြပေသည်။

ထို့ပြင် ဒေသဆိုင်ရာပြတိုက်၊ အထိမ်းအမှတ်ဆိုင်ရာပြတိုက်၊ နယ်လှည့်ပညာပေးပြတိုက်၊ ရှေးဟောင်းသုတေသနပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ အမျိုးသားပြတိုက်၊ ပြသပစ္စည်းတစ်ခုချင်းအလိုက် သီးသန့်ပြသထားသည့်ပြတိုက် ဥပမာ–ဖိနပ်ပြတိုက်၊ တူရိယာပစ္စည်းပြတိုက်၊ သနပ်ခါးပြတိုက် စသည်ဖြင့် ပေါ်ထွန်းလာကြပေသည်။

### ပထမဆုံးအကြိမ်ကျင်းပ

“အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့” အခမ်းအနား ကျင်းပပြုလုပ်ခြင်း အထူးအစီအစဉ်များမှ ရွေးချယ်တင်ပြရသော် ၁၉၅၆ ခုနှစ်က ပိုလန်နိုင်ငံ ဝါဆောပြတိုက်ကြီးတွင် ပန်းချီကျော် “ရမ်းဘုရင်” နှစ် (၃၅၀) မြောက် မွေးနေ့အထူးပြပွဲ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ဒေါက်တာမောင်မောင် (နိုင်ငံတော်သမ္မတ–ငြိမ်း) သည် နယ်သာလန် ရေဒီယိုမှ အသံလွှင့်ခဲ့ဖူးပါသည်။ ၁၉၅၆ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် မြန်မာ့အသံ အင်္ဂလိပ်အစီအစဉ်မှနေ၍ ဒေါက်တာမောင်မောင် (နိုင်ငံတော်သမ္မတ–ငြိမ်း) က ထပ်မံအသံလွှင့်ခဲ့ဖူးပါသည်။ ၁၉၆၉ ခုနှစ်တွင် ကမ္ဘာ့ပြတိုက်ပွဲတော်ကို နယ်သာလန်နိုင်ငံ ဥတရက်ချ်မြို့တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း “ပြတိုက်ရက်သတ္တပတ် (Museum Week)” ပြပွဲကို ၁၉၆၁ ခုနှစ် မတ်လ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့ အမျိုးသားပြတိုက်ရှိ ဂျူဗလီဟောခန်းမတွင် ကျင်းပခဲ့ပြီး ပို့စကတ်များ ထုတ်ဝေခဲ့ပါသည်။ ထိုရက်သတ္တပတ်လုံး အမျိုးသားပြတိုက်ထဲမှ ထင်ရှားသည့် အကြောင်းအရာအချက်အလက်များကို ပညာပေးဟောပြောပွဲများ၊ အထူးပြပွဲများ၊ ကလေးများအတွက် ဂိမ်းတီထွင်ဖန်တီးမှုများ စသည်ဖြင့် ပြတိုက်သို့ ပြည်သူလူထု ပိုမိုဝင်ရောက်လေ့လာရန်နှင့် ပြတိုက်အား ပြည်သူလူထုပိုမိုသိရှိရန် Museum Promotion ပြုလုပ်ခဲ့ပါသည်။

“အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့” ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ ကျော်မှ ပြတိုက်ပေါင်း ၃၀၀၀၀ ကျော်ခန့်သည် လှိုက်လှိုက်လှဲလှဲ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ အကြံပေးကော်မတီသည် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အနှစ်သာရ (Theme) တစ်ရပ်ကို နှစ်စဉ်ချမှတ်ပေးလေ့ရှိရာ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ဆောင်ပုဒ်မှာ “Power of Museums” “ပြတိုက်များ၏စွမ်းပကား” ပင် ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (ICOM) က နှစ်စဉ်ချမှတ်ပေးခဲ့သော Theme များကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။

၁။ ၂၀၁၂ ခုနှစ် Theme မှာ
“Museum is a changing world, New Challenges, New Inspirations”
ပြတိုက်သည် စိန်ခေါ်မှုအသစ်၊ စိတ်ကူးစိတ်သန်းအသစ်များဖြင့် ပြောင်းလဲနေသော ကမ္ဘာတစ်ခု။

၂။ ၂၀၁၃ ခုနှစ် Theme
“Museum (Memory + Creativity) = Social Change”
အမှတ်တရဖန်တီးမှုများဖြင့် ပေါင်းစပ်ထားသော ပြတိုက်များသည် လူ့အသိုင်းအဝိုင်းကို ပြောင်းလဲစေသည်။

၃။ ၂၀၁၄ ခုနှစ် Theme




“Museum Collections make Connection”
“ပြတိုက်ပစ္စည်းစုဆောင်းမှု၊ ပြတိုက်အချင်းချင်းဆက်သွယ်ပြု” ဆိုသည့် ဆောင်ပုဒ် သတ်မှတ်ခဲ့သည့်အတွက် နိုင်ငံတကာရှိပြတိုက်ကြီးများသည် နိုင်ငံရပ်ခြားတိုင်းပြည်များ၏ ပြတိုက်ပစ္စည်းများကို ငှားရမ်းပြီး အထူးပြပွဲများကို ကျင်းပမှုများတွေ့ရပေသည်။ ဥပမာပြရလျှင် အမေရိကန်နိုင်ငံ မတ်ထရိုပိုလီတန် အနုပညာပြတိုက်၊ ဂျာမနီနိုင်ငံ စတုဂတ်မြို့ ဂလင်ဒန်လူသားမျိုးနွယ်စုဆိုင်ရာ ပြတိုက်၊ စင်ကာပူနိုင်ငံ အနုပညာပြတိုက်၊ ကိုရီးယားနိုင်ငံ ဘူဆန်ပြတိုက် စသည့်ပြတိုက်များ၏ အထူးပြပွဲများတွင် မြန်မာနိုင်ငံရှိ ရှားပါးပြီး ထူးခြားထင်ရှားသည့် ပြသပစ္စည်းများကို ငှားရမ်း၍ ခင်းကျင်းပြသခဲ့ပေသည်။ ထိုသို့ပြုလုပ်ခြင်းသည်လည်း ပြသပစ္စည်းများမှတစ်ဆင့် ပြတိုက်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုပင် ဖြစ်ပေသည်။

၄။ ၂၀၁၅ ခုနှစ် Theme
“Museums for a Sustainable Society”
“လူ့ဘောင်လောကတည်တံ့မှု၊ ပြတိုက်များက ဂုဏ်ဆောင်ပြု”။

၅။ ၂၀၁၆ ခုနှစ် Theme
“Museum & Cultural Landscapes”
“ပြတိုက်နှင့်ယဉ်ကျေးမှုဆိုင်ရာ ရှုခင်းများ”။

၆။ ၂၀၁၇ ခုနှစ် Theme
“Museum & Contested Histories: Saying The Unspeakable in Museums:”
“ယှဉ်ပြိုင်သမိုင်း၊ သိုင်းဝိုင်းပြောကြား၊ ပြတိုက်ထဲက ပစ္စည်းများ”။

၇။ ၂၀၁၈ ခုနှစ် Theme
“Hyper Connected Museums: New approaches, New Public”
“ခေတ်သစ်လူထုဆက်သွယ်ရေး၊ ပြတိုက်အချင်းချင်းဆက်သွယ်ပေး”။

၈။ ၂၀၁၉ ခုနှစ် Theme
“Museums as Cultural Hubs: The Future of Tradition”
“ရိုးရာယဉ်ကျေးမှုအစဉ်အလာများ၏ အနာဂတ်အရေး ပြတိုက်များက ဗဟိုပြုဖော်ဆောင်ပေး”
“ရိုးရာဓလေ့တည်တံ့ဖို့ ပြတိုက်ဗဟိုပြုဆောင်ရွက်စို့”

၉။ ၂၀၂၀ ပြည့်နှစ် Theme
“Museums for Equality: Diversity and Inclusion”
“မတူကွဲပြား ခြားနားပါဝင် ညီညွတ်တူယှဉ် ပြတိုက်တစ်ခွင်”။

၁၀။ ၂၀၂၁ ခုနှစ် Theme
“The Future of Museums: Recover and Reimagine”
“ပြတိုက်များ၏ အနာဂတ်ပိုမိုကောင်းမွန်ဖို့ ဂုဏ်ဖော်စို့”။

၁၁။ ၂၀၂၂ ခုနှစ် Theme
“The Power of Museums”
“ပြတိုက်များ၏ စွမ်းပကား”။

မြန်မာနိုင်ငံတွင် “အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့” ကျင်းပရသည့် ရည်ရွယ်ချက်များမှာ –

(၁) မြန်မာနိုင်ငံရှိ ပြတိုက်များ၏ ပြတိုက်လုပ်ငန်းဆိုင်ရာ လုပ်ငန်းများ၏လည်ပတ်မှုစနစ်တွင် အားလုံးတစ်ပြေးညီ ကျင့်သုံးစေရန် ၊
(၂) မကြာခင်ထွက်ပေါ်လာမည့် ပြတိုက်ဥပဒေအတွက် အထောက်အကူဖြစ်စေရန်၊
(၃) မြန်မာနိုင်ငံရှိပြတိုက်များ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အဓိကသော့ချက်ဖြစ်သော ဦးတည်ချက်များနှင့် သတ်မှတ်ချက်မူဘောင်များ တစ်ပြေးညီချမှတ်ရန်၊
(၄) မြန်မာနိုင်ငံရှိ ပြတိုက်ပညာရပ်ဆိုင်ရာ နယ်ပယ်တွင် နိုင်ငံတကာစံနှုန်းနှင့် ညီသည့် ပြတိုက်ပညာရပ်များ သိရှိတတ်မြောက်အသုံးပြုနိုင်စေရန်၊
(၅) မြန်မာနိုင်ငံ ပြတိုက်များအားလုံး စုဆောင်းပစ္စည်းများ၏ စီမံခန့်ခွဲမှုများတွင် ရေရှည်တည်တံ့သော စနစ်တစ်ခုတည်းသာ ကျင့်သုံးနိုင်ရန်၊
(၆) မြန်မာနိုင်ငံပြတိုက်များ၏ အခန်းကဏ္ဍတွင် ပြတိုက်နယ်ပယ်ရှိ ဦးဆောင်သူများ၏ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြတိုက်ပညာရပ်ဆိုင်ရာ နယ်ပယ်အတွင်းရှိ ဝန်ထမ်းများ၏ စွမ်းဆောင်မှုဆိုင်ရာ အရည်အသွေး (Capacity Building) မြှင့်တင်ရန်၊
(၇) ပြတိုက်များကို ပြည်သူလူထုပိုမိုအသုံးပြုလေ့လာနိုင်ရေးအတွက် ပြတိုက်ဘက်များမှ လိုအပ်ချက်များ၊ ကွဲပြားခြားနားချက်များ၊ အကောင်းဆုံးဖြည့်ဆည်းပေးနိုင်သည်ဆိုသည့်အချက်များကို အတွေးသစ်၊ အမြင်သစ်များဖြင့် ပြန်လည်ဆန်းစစ်၍ ဝိုင်းဝန်းဆွေးနွေးအဖြေရှာကာ တစ်ပြေးညီလက်ခံဆောင်ရွက်ရန်၊
(၈) နည်းပညာတိုးတက်လာသည့်အလျောက် ပြတိုက်နယ်ပယ်အသီးသီးရှိ ပြတိုက်ဝန်ထမ်းများ ခေတ်နှင့်အညီ အိုင်တီနည်းပညာကို လေ့လာအသုံးချနိုင်၍ Digital Museum များ ပေါ်ထွန်းလာစေရန် တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အခမ်းအနားကို ၂၀၁၅ ခုနှစ်တွင် အမျိုးသားပြတိုက်(ရန်ကုန်)နှင့် ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၃) သင်တန်းသူ သင်တန်းသားများ ပူးပေါင်း၍ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပခဲ့ရာ ကလေးများဉာဏ်စမ်းပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ပြတိုက်ပညာရပ်ဆိုင်ရာ ပိုစတာများ၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ ဘွဲ့ယူကျမ်းစာအုပ်များ ခင်းကျင်းပြသခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဒုတိယအကြိမ်ကို အမျိုးသားပြတိုက်(ရန်ကုန်)၊ ၂၀၁၇ခုနှစ် တတိယအကြိမ်ကို အမျိုးသားပြတိုက် (နေပြည်တော်)တွင် စာတမ်းဖတ်ပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် စတုတ္ထအကြိမ်ကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် Museum Forum နှင့် စာတမ်းဖတ်ပွဲကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ပဉ္စမအကြိမ်ကို အမျိုးသားပြတိုက် (နေပြည်တော်) တွင် Museum Talk ကျင်းပပြုလုပ်ခဲ့ပါသည်။

### အဋ္ဌမအကြိမ်မြောက်ဖြစ်

၂၀၂၀ ပြည့်နှစ် ဆဋ္ဌမအကြိမ်နှင့် ၂၀၂၁ သတ္တမအကြိမ်တို့ကို ကိုဗစ် – ၁၉ ရောဂါ ကာလအတွင်း ကမ္ဘာ့ပြတိုက်များ၏ ၉၅ ရာခိုင်နှုန်းမှာ ပိတ်ထားရသည့်အတွက် ယခင်နှစ်များနည်းတူ အခမ်းအနားမဆောင်ရွက်နိုင်ပါ။ သို့ရာတွင် ကိုဗစ် – ၁၉ ရောဂါကာလ အသွားအလာကန့်သတ်ထားသည့်အချိန်တွင် ပြတိုက်များနှင့် ပြည်သူလူထုအကြား ဆက်သွယ်မှုမပြတ်စေရန် မြန်မာနိုင်ငံပြတိုက်များကော်မတီ (ICOM–Myanmar) Page တွင် IMD အထိမ်းအမှတ်အဖြစ် Museum Quiz ဖြေဆိုမှုကို မိမိပြတိုက်များအလိုက် Digital Events အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားပြတိုက် (ရန်ကုန်)ကလည်း Online ပန်းချီပြပွဲပြုလုပ်၍ အမျိုးသားပြတိုက် (ရန်ကုန်) ဖေ့စ်ဘွတ်စာမျက်နှာတွင် ပြသခဲ့သလို အမျိုးသားပြတိုက် (နေပြည်တော်) ဖေ့စ်ဘွတ်စာမျက်နှာကလည်း Digital Museum Activity Online Exhibition ပြသခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ယခု ၂၀၂၂ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့သည် အဋ္ဌမအကြိမ်မြောက် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားအား မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်အတူ ပါဝင်ကျင်းပရခြင်းမှာ ပြတိုက်များသည် ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများစုဆောင်း၊ ထိန်းသိမ်း၊ ပြသသည့် ပညာပေးဖြန့်ဖြူးရာ ဗဟိုဌာနအဖြစ် တည်ရှိနေသည်ကို ယနေ့လူငယ်များ ပိုမိုသိရှိလာခြင်းဖြင့် ပြတိုက်ကိုချစ်မြတ်နိုးသူများ တိုးပွားလာပြီး အိုင်တီခေတ်တွင် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများ ခေတ်မီဆန်းပြားစွာ တိုးတက်လာသည်နှင့်အမျှ လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုထွန်းကားစေရေးအတွက် ပြတိုက်များသည် အရေးပါသည့်ကဏ္ဍတွင် ပါဝင်နေသည့် အချက်ကို ပိုမိုသိရှိလာစေပါသည်။

ပြတိုက်များတွင် ပညာပေးရေးလုပ်ငန်းများကို ပျိုးထောင်ခြင်းဖြင့် အနာဂတ်တွင် စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံသားများပေါ်ထွက်လာစေရန်အတွက် ပြတိုက်များ၏ ကြိုးပမ်းဆောင်ရွက်ချက်ကို နိုင်ငံသူ၊ နိုင်ငံသားများ သိရှိလာစေခြင်းဖြင့် မိမိနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို တန်ဖိုးထားဂုဏ်ယူနိုင်စေရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ကို ဂုဏ်ပြုရေးသားအပ်ပေသည်။

**ကိုးကား**

**၁။ international museum day (icom), en.m.wikipedia.org**
**၂။ network.icom.museum/international day**
**၃။ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်ခန်းစာ ပို့ချချက်များ**
**၄။ သီသီသောင်း(မ)၊ ပြတိုက်ပညာ မဟာဝိဇ္ဇာ ဘွဲ့ကျမ်း၊ ရန်ကုန်၊ (၂၀၁၈)**

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက်အားကစားနည်းမှ ရွှေ တစ်ခု၊ သေနတ်ပစ်အားကစားနည်းမှ ငွေ တစ်ခု၊ ပီတန်းအားကစားနည်းမှ ကြေး တစ်ခုနှင့် ကနူးလှေလှော်အားကစားနည်းမှ ကြေး တစ်ခု ထပ်မံဆွတ်ခူးရရှိ

**ဗီယက်နမ် မေ ၁၇**

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Ha Dong အားကစားရုံ၌ ဘိလိယက်/စနူကာအားကစားနည်းမှ English Billiards တစ်ဦးချင်းဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအားကစားသမား ပေါက်စက ကမ္ဘာ့ဘိလိယက်ချန်ပီယံပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ဆုနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ခြောက်ဆုရရှိထားသော စင်ကာပူနိုင်ငံသား မစ္စတာပီတာဂေးလ်ခရစ်ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ပဉ္စမမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့်အတွက် နိုင်ငံတော်မှ ထပ်မံဂုဏ်ပြုချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ သုံးထောင်ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ကိုယ်စားပေးအပ်ချီးမြှင့်သည်။

**အနိုင်ရရှိခဲ့**

မြန်မာအားကစားသမား ပေါက်စသည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် အိမ်ရှင်ဗီယက်နမ်ကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲတွင် ထိုင်းနိုင်ငံနှင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲ-တစ်ပွဲဖြင့် ထိုင်းအားကစားသမားကို အနိုင်ရရှိခဲ့ခြင်း




ဖြစ်သည်။

အလားတူ ယနေ့ပြိုင်ပွဲများအဖြစ် Hanoi National Sport Training Center ၌ ကျင်းပလျက်ရှိသော သေနတ်ပစ်အားကစားနည်း မီတာ(၅၀) Free Pistol ပြိုင်ပွဲတွင် မြန်မာသေနတ်ပစ် အားကစားသမား မောင်ရဲထွန်းနောင်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ပီတန်းအားကစားနည်း (Mixed Triple)သုံးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Hai Phong မြို့၌ ကနူးလှေလှော်ပြိုင်ပွဲတွင် မီတာ(၁၀၀၀) အမျိုးသမီး တစ်ဦးချင်းပွဲစဉ်၌ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ကြရာ မြန်မာအားကစားသမား မသက်ဖြိုးနိုင်က ကြေးတံဆိပ်ဆုကိုလည်းကောင်း မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပေးနိုင်ခဲ့ပြီး မီတာ(၁၀၀၀) ကယက်လှေလှော်အားကစားနည်း (အမျိုးသား)တစ်ဦးချင်းပြိုင်ပွဲတွင် မောင်အောင်မျိုးသူနှင့် (အမျိုးသား)လေးတက်လှော်ပြိုင်ပွဲတွင် မောင်ထွန်းမင်းသန့်၊ မောင်ထက်ဝေလွင်၊ မောင်စောမိုးအောင်နှင့် မောင်မြင့်ကိုကိုတို့က လည်းကောင်း၊ ကနူးလှေလှော်အားကစားနည်း မီတာ(၁၀၀၀) (အမျိုးသား) လေးတက်လှော်ပြိုင်ပွဲတွင် မောင်ဝင်းထိုက်၊ မောင်စိုင်းမင်းဝေ၊ မောင်မင်းနိုင်၊ မောင်သန့်ဇင်ဦးတို့က ဗိုလ်လုပွဲများသို့ တက်ရောက်သွားခဲ့သည်။

**ယှဉ်ပြိုင်ကစားသွားမည်**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မြားပစ်၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ကနူးလှေလှော်၊ ဘိလိယက်၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ E-Sports၊ ပြေးခုန်ပစ်နှင့် လက်ဝှေ့အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မေ ၁၈ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ကနူး၊ E-sports၊ ပြေးခုန်ပစ်၊ ဘိလိယက်၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ်၊ လက်ဝှေ့နှင့် ဘောလုံး(အမျိုးသမီး) အားကစားပြိုင်ပွဲများကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ယနေ့အထိ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခြောက်ခုနှင့် ကြေးတံဆိပ် ၁၁ ခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၂၂ ခုဖြင့် နိုင်ငံအလိုက်အဆင့်ရပ်တည်မှု အဆင့်(၇)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

**❐ ဆီးဂိမ်းမှ**

ဖြတ်ကျော်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်တွင် အိမ်ရှင်ဗီယက်နမ်ကစားသမား၊ ဆီမီးဖိုင်နယ်တွင် ထိုင်းနာမည်ကြီးကစားသမား ပရာပွတ်နှင့် ဗိုလ်လုပွဲတွင် ဆီးဂိမ်းဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၌ ကြီးစိုးထားသည့် ပီတာဂေးလ်ခရစ်တို့ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ရွှေတံဆိပ်ရခဲ့**

ပေါက်စသည် ဗိုလ်လုပွဲတွင် အမှားအယွင်းမရှိ ယှဉ်ပြိုင်နိုင်ခဲ့ပြီး ပထမပွဲငယ်တွင် ၁၀၂-၁၁ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ဒုတိယပွဲငယ်တွင် ပီတာဂေးလ်ခရစ်က ၁၀၀-၁၂ မှတ်ဖြင့် ပြန်လည်အနိုင်ရသော်လည်း တတိယပွဲငယ်တွင် ပေါက်စ တစ်ကြိမ်တည်း ၁၀၁ မှတ်ထိုးကာ ၁၀၁-၀ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် စတုတ္ထပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာပြီး ပေါက်စက ၁၀၀-၉၅ မှတ်ဖြင့် အနိုင်ရကာ ရွှေတံဆိပ်ရခဲ့ခြင်းဖြစ်သည်။ ပီတာဂေးလ်ခရစ်သည် ၂၀၀၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ခြောက်ကြိမ်ဆက်တိုက် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူထားခြင်းဖြစ်ပြီး ပေါက်စက ၎င်း၏ကြီးစိုးထားမှုကို အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာဘိလိယက်ကစားသမားများသည် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် နှစ်ယောက်တွဲပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲတို့တွင်သာ ရွှေတံဆိပ်ရရှိဖူးသော်လည်း တစ်ဦးချင်းပြိုင်ပွဲတွင်မူ ယခုအကြိမ်မှ ပထမဆုံးအကြိမ် ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MBSF**

---

**❍ ကျောဖုံးမှ**

ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယနေရာဖြင့်သာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သဖြင့် ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခြင်းဖြစ်ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။

ဗီယက်နမ်အသင်းသည် အိမ်ရှင်ဖြစ်သည့်အပြင် လက်ရှိချန်ပီယံအသင်းလည်းဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် ဗိုလ်လုပွဲတစ်ကျော့ပြန် တက်ရောက်နိုင်ရန် အားကုန်ထုတ်ရဖွယ်ရှိနေပြီး တစ်သင်းလုံး ပုံစံကောင်းပြသနိုင်ရန် လိုအပ်သည့်အပြင် တိုက်စစ်ပိုင်းကလည်း ရရှိသည့်ဂိုးသွင်းခွင့်များ အသုံးချနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် လာအိုနှင့် စင်ကာပူကိုနိုင်ပြီး ထိုင်းအသင်းနှင့် သရေကျခဲ့ပြီး နောက်ဆုံးပွဲဖြစ်သည့် စင်ကာပူနှင့်ပွဲတွင် နိုင်ပွဲရသော်လည်း လိုအပ်ချက်များ၊ အားနည်းချက်များရှိနေသဖြင့် ဗီယက်နမ်နှင့် ဆီမီးဖိုင်နယ်ပွဲမတိုင်မီ ပြင်ဆင်ထားရန် လိုအပ်နေသည်။ သို့သော် အဓိကတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းမှာ အုပ်စုသုံးပွဲစလုံး ဂိုးသွင်းထားနိုင်ရာ မြန်မာအသင်းအတွက် ကျေနပ်စရာဖြစ်ပြီး အရေးပါသည့် ဂိုးများ ထပ်မံသွင်းယူနိုင်ရန် လိုအပ်နေသည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှထိပ်သီးအသင်းများနှင့် ယခုနှစ်အတွင်း တွေ့ဆုံမှုများတွင် သရေကစားထားနိုင်ပြီး အာရှဖလား အမျိုးသမီးပြိုင်ပွဲ အုပ်စုအဆင့်တွင် ဗီယက်နမ်နှင့် နှစ်ဂိုးစီသရေကျခဲ့သလို ယခုဆီးဂိမ်းပြိုင်ပွဲ အုပ်စုအဆင့်တွင် ထိုင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

---

## မြန်မာအမျိုးသမီးဖူဆယ်အသင်း ရှုံးပွဲထပ်မံကြုံတွေ့

**ရန်ကုန် မေ ၁၇**

ဆီးဂိမ်း အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မေ ၁၇ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

**အနိုင်ရခဲ့**

ဒုတိယနေ့တွင် ထိုင်းအသင်းက မြန်မာအသင်းကို လေးဂိုး-ဂိုးမရှိ၊ ဗီယက်နမ်အသင်းက မလေးရှားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ပထမပိုင်းတွင် သုံးဂိုးဖြင့် အနိုင်ရနေပြီး ဒုတိယပိုင်းတွင် တစ်ဂိုးထပ်သွင်းကာ လေးဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။


မြန်မာနှင့်ထိုင်း ယှဉ်ပြိုင်နေစဉ်။

အုပ်စုဒုတိယနေ့အပြီးတွင် ဗီယက်နမ်နှင့် ထိုင်းအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး မြန်မာနှင့် မလေးရှားအသင်းတို့မှာ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

အုပ်စုနောက်ဆုံးနေ့ကို မေ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားကို အနိုင်ရပါက ကြေးတံဆိပ်ရရှိမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

---

## မြန်မာလှေလှော်အဖွဲ့ ကြေးတံဆိပ်တစ်ခု ရရှိ

**ရန်ကုန် မေ ၁၇**

ဆီးဂိမ်း ကနူး/ကယက်ပြိုင်ပွဲကို မေ ၁၇ ရက်ကစတင်ကျင်းပရာ မြန်မာလှေလှော်အဖွဲ့ ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည်။

မေ ၁၇ ရက်ကပြုလုပ်သည့် ကနူး/ကယက်ပြိုင်ပွဲတွင် မြန်မာလှေလှော်အဖွဲ့အနေဖြင့် ပြိုင်ပွဲအမျိုးအစား ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်ရာ ကြေးတံဆိပ်တစ်ခုရခဲ့ပြီး ကျန်ပြိုင်ပွဲလေးခုမှာ လက်ရည်စစ်ပွဲ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြန်မာလှေလှော်အားကစားမယ် သက်ဖြိုးနိုင်သည် အမျိုးသမီး ကနူး မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ဗီယက်နမ်က ရွှေတံဆိပ်နှင့် အင်ဒိုနီးရှားက ငွေတံဆိပ်ရရှိခဲ့သည်။ လက်ရည်စစ်ပွဲယှဉ်ပြိုင်ခဲ့သည့် မီတာ ၁၀၀၀ ကယက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၁၀၀၀ ကနူး အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ မီတာ ၁၀၀၀ ကယက် အမျိုးသား လေးယောက်တွဲပြိုင်ပွဲနှင့် မီတာ ၁၀၀၀ ကယက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် မြန်မာကစားသမားများမှာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ကနူး/ကယက်လှေလှော်ပြိုင်ပွဲကို မေ ၁၈ ရက်(ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

---

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်ရှိ လူဦးရေထောင်ပေါင်းများစွာ ရေကြီးရေလျှံမှုဒဏ် ခံစားခဲ့ရ

**နယူးဒေလီ မေ ၁၇**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်ရှိ လူဦးရေ ထောင်ပေါင်းများစွာသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ်များကို ခံစားခဲ့ရကြောင်း တာဝန်ရှိသူများက မေ ၁၇ ရက်တွင် ပြောကြားသည်။

အာသံပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ပြောကြားချက်အရ ရေကြီးရေလျှံမှုဒဏ်ကို ပြည်နယ်အတွင်းရှိ ခရိုင်ပေါင်း ၂၀ မှ လူဦးရေစုစုပေါင်း နှစ်သိန်းနီးပါး ခံစားခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် ခရိုင်အများစုမှ ကျေးရွာစုစုပေါင်း ၆၅၂ ရွာထိခိုက်ပျက်စီးမှုရှိခဲ့ပြီး လူငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။ ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးမြေများနှင့် အဆောက်အအုံများ ပျက်စီးမှုဖြစ်ပွားခဲ့သည့်အပြင် လမ်းပန်းဆက်သွယ်ရေးကိုလည်း ဆိုးရွားစွာထိခိုက်ခဲ့ကြောင်း အာသံပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

စိုက်ပျိုးမြေစုစုပေါင်း ၁၆၆၄၅ ဟက်တာ ပျက်စီးမှုရှိခဲ့ကြောင်းလည်း တာဝန်ရှိသူများက ပြောကြားသည်။ ထို့ပြင် လူဦးရေ ၃၃၀၀၀ နီးပါးသည်လည်း ကယ်ဆယ်ရေးစခန်း ၆၇ ခု တွင် ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။ အာသံပြည်နယ်သည် မုတ်သုံရာသီကာလအတွင်း ရေကြီးရေလျှံမှုများ ပုံမှန်ဖြစ်ပွားလေ့ရှိကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# ယခုနှစ်ပထမသုံးလအတွင်း ထိုင်းနိုင်ငံ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး ၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာ

**ဗန်ကောက် မေ ၁၇**

ထိုင်းနိုင်ငံ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ယခုနှစ်ပထမသုံးလပတ်အတွင်း ၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာပြီး နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာသည်ကို တွေ့ရှိရကြောင်း သိရသည်။

ယခုတိုးတက်လာသည့် ပမာဏသည် ပြီးခဲ့သည့်သုံးလကထက် ၁ ဒသမ ၈ ရာခိုင်နှုန်းပိုမိုလာကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ပြည်တွင်း ကုန်ပစ္စည်းရောင်းဝယ်ဖောက်ကားမှု မြင့်တက်လာခြင်းနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုကလည်း ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးအား မြင့်တက်လာစေခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆိုင်ရာကျန်းမာရေးစည်းမျဉ်းများအား ဖြေလျှော့ပေးခဲ့ခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများ စနစ်တကျဖြန့်ဖြူးပေးပြီး နိုင်ငံသားများအား ထိုးနှံပေးခဲ့ခြင်းနှင့် နိုင်ငံ၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာမူဝါဒများကြောင့် ခရီးသွားလုပ်ငန်းမှ အမြတ်ငွေ ဘတ် ၁၄၄ ဘီလီယံ ရရှိခဲ့ကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့ကျလာသည့်အတွက် နှစ်နှစ်ကျော်ကာလအတွင်း စာသင်ကျောင်းများ ပထမဆုံးပြန်လည်ဖွင့်လှစ်

**ဗန်ကောက် မေ ၁၇**

ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျော့ကျလာသည့်အတွက် နှစ်နှစ်ကျော်ကာလအတွင်း စာသင်ကျောင်းများကို ပထမဆုံးအကြိမ်ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတစ်ဝန်းရှိ ကျောင်းသားများအားလုံးသည် မေ ၁၇ ရက်တွင် လူကိုယ်တိုင်အတန်းတက်ခြင်းဖြင့် စာသင်နှစ်ကို စတင်ခဲ့ကြောင်းလည်း သိရသည်။

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း စာသင်ကျောင်းအများစုကို အွန်လိုင်းမှတစ်ဆင့် သင်ကြားပေးခဲ့ပြီး အွန်လိုင်းမှ သင်ယူရခြင်းကို နှစ်သက်သည့် ကျောင်းသားများအတွက်လည်း အွန်လိုင်းမှတစ်ဆင့် ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အနာဂတ်ကာလတွင် ကူးစက်မှုများရှိနေမည်ဆိုလျှင်လည်း စာသင်ကျောင်းများကို ပိတ်သွားမည်မဟုတ်ကြောင်း ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထိုင်းနိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်နှစ်ပတ်ကျော်ကာလအတွင်းက နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် တစ်သောင်းအောက်လျော့ကျခဲ့ကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲတစ်ခုဖြစ်သည့် BA.2.12.1 ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှု တွေ့ရှိ

**မနီလာ မေ ၁၇**

ဖိလစ်ပိုင်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲတစ်ခုဖြစ်သည့် BA.2.12.1 ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများအား မေ ၁၇ ရက်က စတင်တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများကို မနီလာမြို့ပြဒေသ၊ နိုင်ငံအလယ်ပိုင်း ဗီဆာရာဒေသနှင့် ပလာဝမ်ပြည်နယ် ပေါတိုပရီဆီဆာမြို့တို့၌ တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မာရီယာရိုဆာရီယိုဘာဂျီရီက ပြောကြားသည်။



ယခုတွေ့ရှိရသည့် BA.2.12.1 ဗီဇပြောင်းဗိုင်းရပ်စ်သည် မျိုးပွားမှုနှုန်းမြင့်မားသော်လည်း ရောဂါခံစားရမှုမပြင်းထန်ကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၈၈၂၉၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၆၀၄၅၈ ဦးရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၈၄၃ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် မေ ၁၇**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၈၄၃ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ရှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၃၄၄၂ ဦးသည် နိုင်ငံ၏ အကြီးဆုံးမြို့ ဖြစ်သည့် အော့ကလန်မြို့မှ ဖြစ်ကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူများ အပါအဝင် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ ၄၂၁ ဦး ရှိကြောင်း သိရသည်။

**ရောဂါကူးစက်ခံရသူ ၁၀၅၆၆၅၆ ဦးရှိ**

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၅၆၆၅၆ ဦး ရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံသည် ခရီးသွားအားလုံးနှင့် ပြည်ဝင်ခွင့်ဗီဇာကိုင်ဆောင်ထားသူများ အားလုံးအတွက် နယ်စပ်ဒေသများကို ဇူလိုင် ၃၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် နေအိမ်၌ သီးသန့်ခွဲထားစောင့်ကြည့်မှု ခံယူလျက်ရှိသည့် နယူးဇီလန် ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၁၁၇ ဦးထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၁၇**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၁၁၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၁၇၈၃၀၄၂၉ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မေ ၁၇ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၂၃၇၇၁ ဦး ရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၆၃၈၀၂ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၂၃၃၂၄၆ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၈ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်း ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဒီဇယ်ဆီများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၇

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှု ဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၀၅၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

**သိမ်းဆည်းရမိ**

ထို့ပြင် မေ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၆ ဒသမ ၁၀၉၆တန် **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၈၉၄၀၆)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပူးပေါင်း စစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ်အတွင်း တရားမဝင် ဒီဇယ်ဆီ (ချက်ဆီသန့်) ၁၅၉၇၅ ဂါလန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၇၈၀၀၀၀၀)နှင့် အဆိုပါဒီဇယ်ဆီများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ Canter အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း **(ခန့်မှန်း တန်ဖိုးငွေကျပ် ၂၇၃၈၀၀၀၀၀)** ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၃ ရက်နှင့် ၁၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု **(ခန့်မှန်း တန်ဖိုးငွေကျပ် ၂၇၉၅၉၄၄၀၆)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# တရားမဝင်သစ်စုစုပေါင်း ၁၅၀ ဒသမ ၆၈၁၁ တန် သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၇

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၂၀၂၂ ခုနှစ် မေ ၉ ရက်မှ ၁၅ ရက်အတွင်း တရားမဝင်သစ်စုစုပေါင်း ၁၅၀ ဒသမ ၆၈၁၁ တန် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင်ကျွန်းသစ် ၄၉ ဒသမ ၁၀၃၉ တန်၊ သစ်မာ ၄၀ ဒသမ ၆၉၅၈ တန်နှင့် အခြား ၆၀ ဒသမ ၈၈၁၄ တန်ကို တရားခံ ၂၄ ဦး၊ ယာဉ်/ ယန္တရား ၁၂ စီးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး သိမ်းဆည်းရမိမှုများအနက် အများဆုံး သိမ်းဆည်းရမိမှုမှာ ဘိုင်းဒါးကြိုးဝိုင်း အကွက်အမှတ် ၁၀၈ မှ ဖြစ်သည်။



**အကောင်အထည်ဖော်ဆောင်ရွက်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု နန့်စလော်ကျေးရွာရှိ ဒက္ခိဏဝန်မန်တောင်ကျောင်း ဘုန်းတော်ကြီးကျောင်းတိုက်အား အကြမ်းဖက်အဖွဲ့များက ဒရုန်းဖြင့် ပစ်ချဖောက်ခွဲခဲ့သည့်ဖြစ်စဉ်" ခေါင်းစဉ်ဖြင့် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ စစ်ဆေးရေးဂိတ်၌ အကြမ်းဖက်အဖွဲ့အစည်းများ၏ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့်ဖြစ်စဉ်"နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၅-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ |
| ၀၉:၁၀ | စိုက်ပျိုးရေးရာအဖြေရှာ |
| ၀၉:၅၀ | SEA Games Vietnam (Highlights) |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ရွှယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | 'ငွေတိမ်ယံအငြိမ့်' |
| ၁၆:၃၅ | အသိပညာနှင့်အမှန်တရား 'ကိုယ်နှင့်စိတ်၏ကောင်းမြတ်သောကျင့်စဉ် အတိုင်းနေထိုင်ခြင်းသည်မင်္ဂလာမည်၏' |
| ၁၇:၁၅ | ခေတ်အလိုက်ကြေးမုံပြင် |
| ၁၇:၃၀ | တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီး စိုက်ကြစို့ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၁၅ | (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း) |
| ၂၀:၃၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၃၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၂:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်' (အပိုင်း-၂၇) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike) |
| 07:08 | Mote Pel Sote from Intaing Village |
| 07:16 | Gold from Garbage |
| 07:27 | Inlay Traditional Cotton Clothes |
| 07:35 | Shrinking Footprints |
| 08:01 | Awesome Myanma Sculptures |
| 08:15 | Insight Myanmar: Manuscription (Epi-3) Preservation of Ancient Manuscript |
| 08:37 | Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone |
| 08:54 | Myanmar Street Foods |
| 09:01 | News |
| 09:25 | Global Partnership for Brighter Future: Montenegro Pavilion at Expo 2020 Dubai |
| 09:36 | The Banjoist |
| 09:53 | Tea |

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
နည်းမှန်စိုက်ပျိုးဝင်ငွေတိုး(သခွားစိုက်ပျိုးနည်း)

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
တစ်နိုင်တစ်ပိုင် ရိုးရာငါးပိပြုလုပ်ပုံ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဘုံတလာ ရေတံခွန်အကြောင်း

**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
ပေါ်လမြိုင်မြို့ရဲ့အထင်ကရနေရာများ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၉)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
လူသားတို့ရဲ့ကျေးဇူးရှင်များ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
မြင်းခွာရွက်နှင့် ကျန်းမာရေး

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
တိုင်းရင်းဆေး ရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားများရဲ့ တာဘူး(ဒေါ်) တားမြစ်ချက်

**ပအိုဝ်း ကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကမ္ဘောဇသာဒီရွှေနန်းတော်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇) |
| ၁၁:၀၀ | Election Switzerland |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၅ | ကမ္ဘာ့အလှမြန်မာ့တော်ဝင်သစ်ခွ |
| ၀၇:၄၀ | သားငါးဖွံ့ဖြိုးပြည့်အကျိုး 'ပုစွန်ခြောက်စက်ရုံ အင်းလေးမြိုင်စက်မှုဇုန် (မြိတ်မြို့)' |
| ၀၈:၂၀ | ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ |
| ၀၈:၅၀ | တောင်သူဦးကြီးဘဝမြှင့်တင်ဖို့ ကြယ်ပဲသီးနှံစိုက်ကြစို့ |
| ၀၉:၂၀ | သာယာပျော်ရွှင်ညောင်နှစ်ပင် |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လားရှိုးမြို့၌ TNLA အဖွဲ့အမည်ခံ၍ ဆက်ကြေးကောက်ခံနေသူတစ်ဦးနှင့် ၎င်းနှင့် ပတ်သက်ဆက်နွှယ်သူတစ်ဦးတို့အား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နေ စိုင်းဆာအောင်ဆိုသူသည် TNLA အဖွဲ့ အမည်ခံ၍ စီးပွားရေးလုပ်ငန်းရှင်များထံမှ ခြိမ်းခြောက်ကာ ဆက်ကြေးငွေများ ကောက်ခံနေကြောင်း သတင်းအရ မေ ၁၆ ရက် နံနက် ၁၀ နာရီခန့်တွင် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လားရှိုးမြို့ အမှတ်(၁၀)ရပ်ကွက် နယ်မြေ(၄)ရှိ "သူ့ထက်ဦး" အမျိုးသားဘော်ဒါဆောင်အား ဝင်ရောက်ရှာဖွေခဲ့ရာ စိုင်းဆာအောင် (ဘ) ဦးသောင်းတင် နယ်မြေ(၃) အမှတ်(၁၀)ရပ်ကွက် လားရှိုးမြို့နေသူအား Redmi ဖုန်းတစ်လုံးနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံကို မေးမြန်းချက်အရ ၎င်းသည် ယခုနှစ်မတ်လအတွင်း၌ အောင်ကျော်မိုး ဆိုသူနှင့် Online Game ကစားရာမှ စတင်ရင်းနှီးခဲ့ကြောင်း၊ ဂိမ်းကစားရာတွင် ငွေသွင်း/ငွေထုတ် အဆင်ပြေစေရေးအတွက် စိုင်းဆာအောင်က ၎င်း၏ KBZ Pay Account အား အောင်ကျော်မိုး အသုံးပြုရန်အတွက် ပေးခဲ့ကြောင်း၊ ဆက်ကြေးကောက်ခံခြင်းလုပ်ငန်းအား အဓိကလုပ်ဆောင်သူမှာ ၎င်း၏ သူငယ်ချင်းဖြစ်သူ အောင်ကျော်မိုးဖြစ်ပြီး လားရှိုးမြို့ အမှတ်(၂)ရပ်ကွက် နယ်မြေ(၄)ရှိ Royal Ground Hotel တွင် တည်းခိုနေထိုင်ကြောင်း သိရှိရသဖြင့် နံနက် ၁၀ နာရီခွဲခန့်တွင် ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ရှာဖွေခဲ့ရာ အခန်းအမှတ်(၃၀၆)တွင် TNLA အဖွဲ့၊ တပ်မဟာ(၃)၊ တပ်ရင်း(၈၇၆) လက်အောက် နယ်လှည့်ဆက်ဆံရေးမှူးရုံးမှ တပ်စုမှူးအဆင့်ရှိ အောင်ကျော်မိုး (ဘ)ဦးအိုက်အေး အောင်ချမ်းသာရပ်ကွက် မန်တုံမြို့နေသူအား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထပ်မံဖမ်းဆီးရမိသူ အောင်ကျော်မိုးကို စစ်ဆေးမေးမြန်းချက်အရ ၂၀၁၄ ခုနှစ် အောက်တိုဘာလခန့်တွင် မန်တုံမြို့ အောင်ချမ်းသာရပ်ကွက်၌ မိဘများနှင့်အတူ နေထိုင်စဉ် TNLA အဖွဲ့က ၎င်းတို့အဖွဲ့ထဲ



အောင်ကျော်မိုး



စိုင်းဆာအောင်

ဝင်ရန် စည်းရုံးပြောဆိုလာခဲ့ကြောင်း၊ နှစ်ပတ်ခန့်အကြာတွင် TNLA အဖွဲ့မှ အရပ်ဝတ် ဝတ်ဆင်ထားသော အမျိုးသားတစ်ဦးက ဆိုင်ကယ်ဖြင့် လာရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ ဘော်တွင်း-နမ္မတူ-မန်ဆာ-ညောင်ပင်လှ လမ်းကြောင်းအတိုင်း သွားရောက်ခဲ့ပြီး တောတွင်းရှိ ၎င်းတို့၏စခန်းတွင် ၄၅ ရက်ခန့် သင်တန်းတက်ရောက်ခဲ့ရကြောင်း၊ သင်တန်းဆင်းပြီးနောက် TNLA အဖွဲ့မှ နယ်လှည့်ဆက်ဆံရေးရုံးတွင် အကခေါင်းဆောင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ် ဇူလိုင်လမှစတင်၍ TNLA အဖွဲ့မှ နုတ်ထွက်ခဲ့ကြောင်း၊ ထို့နောက် မိခင်ဖြစ်သူနှင့်အတူ လားရှိုးမြို့ အမှတ်(၁၀)ရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး TNLA အဖွဲ့မှ ဆက်ကြေးတာဝန်ခံအဖြစ်အမည်ခံ၍ ဆက်ကြေးများကောက်ခံနေခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဖမ်းဆီးရမိတရားခံသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မေ ၁၆ ရက်အထိ TNLA အဖွဲ့အမည်ခံ၍ လားရှိုး၊ မန္တလေး၊ ကျောက်ဆည်၊ တောင်ကြီးမြို့များရှိ စက်သုံးဆီအရောင်းဆိုင်၊ အထည်ဆိုင်၊ ကား/ဆိုင်ကယ် အရောင်းဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင်၊ ကုန်စုံဆိုင်၊ ဟိုတယ်လုပ်ငန်းရှင်များထံသို့ ဖုန်းဖြင့်ဆက်သွယ်ကာ ၂၅ ကြိမ်ခန့် ဆက်ကြေးငွေတောင်းခံခဲ့ပြီး စုစုပေါင်း ဆက်ကြေးငွေကျပ် ၂၁၉၅၀၀၀၀

TNLA အဖွဲ့အမည်ခံ၍ ဆက်ကြေးကောက်ခံလျက်ရှိသူ အောင်ကျော်မိုးနှင့် စိုင်းဆာအောင်တို့အား ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ




ကောက်ခံရရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မေ ၁၆ ရက်တွင် Royal Ground Hotel ၌ တည်းခိုနေထိုင်စဉ် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသူ နှစ်ဦးအား တရားဥပဒေအရ လိုအပ်သလို အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် သီရိမြိုင်ရပ်ကွက်နေ ဖူးသင်းနိုင်(ခ)ဖူးဖူး၊ ရွှေပြည်သာရပ်ကွက်နေသူများဖြစ်သည့် စည်သူအောင်၊ အောင်ကိုဖြိုး၊ ပိုင်ဇင်ထွေးတို့သည် ၎င်းတို့အသုံးပြုသည့် "Phue Phue" Facebook အကောင့်၊ "Sithu Aung" Facebook အကောင့်၊ "Aung Ko Phyo" Facebook အကောင့်၊ "Paing Zin Htwe" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးရပ်ကွက်နေ မြင့်နွယ်ဝင်းသည် ၎င်းအသုံးပြုသည့် "Myint Nwe Win" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ခင်ဇော်သက်သည် ၎င်းအသုံးပြုသည့် "Khin Zaw Thet" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် လှိုင်ရပ်ကွက် ဘဲကုန်းရပ် ဗလီတန်းလျားနေ မြင့်သိန်း(ခ)ဟာရှင်သည် ၎င်းအသုံးပြုသည့် "Myint Thein" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်မြို့ လသာအေးကျေးရွာနေ သန်းဇော်ဦးသည် ၎င်းအသုံးပြုသည့်"Than Zaw Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ ကျော်ဇင်သိုက်နှင့် ၎င်း၏ဇနီးဖြစ်သူ နေခြည်နုတို့သည် ၎င်းတို့အသုံးပြုသည့် "Kyaw Zin Theik" Facebook အကောင့်၊ "Nay Chyi Nu" Facebook အကောင့်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂)ရပ်ကွက်နေ ကျော်နိုင်(ခ)နီမောလ်သည် ၎င်းအသုံးပြုသည့် "Kyaw Naing" Facebook အကောင့်၊ အောင်ကိုဦး(ခ)အဘိရှယ်သည် ၎င်းအသုံးပြုသည့် "Aung Ko Oo" Facebook အကောင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဈေးရပ်ကွက်နေ ကျော်ဇေယျာသည် ၎င်းအသုံးပြုသည့် "Kyaw Zayar" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**
**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကိုဖြေကြားပေး"**
**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၈၀ | ၂၄၃၀ |
| 95 Ron | ၂၂၃၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၅ | ၂၃၆၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၃၅ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၄ | ၂၁၄၉ |
| 95 Ron | ၂၁၂၉ | ၂၂၀၅ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၆၆ |
| HSD (50 ppm) | ၂၁၂၂ | ၂၁၉၄ |
| HSD (10 ppm) | ၂၁၂၂ | ၂၁၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ဝေါမြို့နယ်၌ ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် ပညာပေးဟောပြော

ဝေါ မေ ၁၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်၊ ချောင်း၊ အင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ငါးစားသုံးမှုဖူလုံစေရေးတို့အတွက် အများပြည်သူသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ဝေါမြို့နယ်ခန်းမတွင်ပြုလုပ်သော ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လစဉ်အစည်းအဝေး၌ ငါးသယံဇာတများထိန်းသိမ်းရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ငါးရစ်ငါးသန်ချိန်ကာလဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးဖမ်းဆီးမှုများ မပြုလုပ်ကြရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြခြင်းနှင့် ငါးဖမ်းဆီးခြင်းများပြုလုပ်ပါက ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်တို့ကို မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ခင်မျိုးနိုင်က ရှင်းလင်းဟောပြောခဲ့ပြီး တက်ရောက်လာသူများအား ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၁၇

တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့တွင် ကျွန်းစုမြို့နယ်ရှိ ဝဲကျွန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ဒေသခံပြည်သူ ၉၀၂ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၇၃ ဦး၊ ခွဲစိတ်ရောဂါ ၁၀၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၉၇ ဦး၊ ကလေးရောဂါ ၈၁ ဦး၊ အရိုးရောဂါ ၇၉ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၈၈ ဦး၊ မျက်စိရောဂါ ၉၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၃၂ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၇ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်၍ ဓာတ်မှန်ရိုက်လူနာ ၇၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၄၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် ဒေသခံပြည်သူ ၁၄ ဦးကို ဆေးရုံရေယာဉ်ပေါ်တွင် ဆေးရုံတင် ကုသပေးခဲ့ကြောင်းနှင့် မီးဖွားလူနာ တစ်ဦးကိုလည်း ဆေးရုံရေယာဉ်ပေါ်၌ အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကြီးအောင်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးများ ပေးအပ်

မြစ်ကြီးနား မေ ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရန်ကြီးအောင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုရေးကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်အတွက် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၂၂ သိန်းကျော်ကို အသင်းသားပြည်သူများသို့ ပေးအပ်ခဲ့ကြောင်းသိရသည်။

သတင်းစဉ်

# စွမ်းအင်ကို လှမ်းမြင်နိုင်ပါစေ

လင်းဆက်



စက်တင်ဘာ ၂၇ ရက်က တရုတ်နိုင်ငံ ကျန်စုပြည်နယ်တွင် ကျောက်မီးသွေးစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံရှိ အအေးခံမျှော်စင်များမှ မီးခိုးများ ထွက်နေပုံကို တွေ့ရစဉ်။

နှစ်ပေါင်း ၃၀၀ အတွင်း အလှုပ်ခတ်ဆုံးသောအရာကို ပြောပါဟုဆိုပါလျှင် "စွမ်းအင်" ဟု ဖြေပါရစေ။

ကမ္ဘာပေါ်တွင် ရှေးအတိတ်ကာလကတည်းကပင် ရေကြောင့် စစ်ပွဲပေါင်းများစွာ ဖြစ်ပွားခဲ့သလို စွမ်းအင်ကြောင့်ဖြစ်သော စစ်ပွဲများသည်လည်း မျက်မှောက်ခေတ်စစ်ပွဲတို့၏ ရာခိုင်နှုန်း ၈၀ နီးပါး ရှိသည်ကို တွေ့ရသည်။ စွမ်းအင်ကြောင့် အတိတ်ကစစ်ပွဲကြီးတွေ ဖြစ်ခဲ့သည့်နည်းတူ ယနေ့လည်း ဖြစ်နေဆဲ၊ နောင်လည်းဖြစ်နေပေဦးမည်မလွဲ။ စွမ်းအင်သည် နိုင်ငံရေးဖြစ်သလို စွမ်းအင်လုံခြုံရေးသည်လည်း နိုင်ငံတော်လုံခြုံရေးဖြစ်လာသည်။ ပစ္စုပ္ပန်ကာလ ကမ္ဘာ့နိုင်ငံရေးတွင်လည်း စွမ်းအင်သည် လက်နက်တစ်ခုဟုဆိုလျှင် မမှားပေ။

ပထမစက်မှုတော်လှန်ရေးနှင့် ဒုတိယစက်မှုတော်လှန်ရေးတို့၏ အဓိကအပြောင်းအလဲကား စွမ်းအင်အသုံးချနိုင်မှုပင် ဖြစ်သည်။ စွမ်းအင်ကို များများအသုံးချနိုင်သူက ကုန်ထုတ်လုပ်မှုအများဆုံး ထုတ်လုပ်နိုင်ပြီး ဓနဥစ္စာထားစရာမရှိအောင် ကြွယ်ဝခဲ့ကြသည်။ စွမ်းအင်ကို မည်မျှအသုံးချခဲ့သနည်းဟု ဆိုလျှင် ယင်းနိုင်ငံကြီးများက တစ်ဖက်စောင်းနင်း နည်းမျိုးစုံဖြင့် အသာစီးယူ အသုံးချခဲ့ခြင်းဟု ခပ်ကြမ်းကြမ်းဖြေရမည်။

**စက်မှုအရင်းရှင်နိုင်ငံကြီးများ**

စက်မှုအရင်းရှင်နိုင်ငံကြီးများက သူတို့နိုင်ငံ၊ သူတို့လူမျိုးအကျိုးစီးပွားအတွက် အရာရာကိုချနင်းခဲ့ကြသည့်အပြင် စက်မှုလုပ်ငန်းများ တစ်ဟုန်ထိုးတိုးတက်လာမှုနှင့်အတူ စစ်လက်နက်နည်းပညာများပါ ကျဲကူးရေပါတိုးတက်လာပေရာ စစ်လက်နက်အင်အားအသာစီးဖြင့် နိုင်ငံငယ်လေးများအား ကိုလိုနီပြုခြင်း၊ အနိုင်အထက်ပြုခြင်းတို့ကို လက်ရဲဇက်ရဲဆောင်ရွက်ခဲ့ကြသည်။ မဖွံ့ဖြိုးသေးသော၊ စည်းလုံးညီညွတ်မှုအားနည်းသော နိုင်ငံများသည် စက်မှုနိုင်ငံကြီးများ၏ ကျွန်ဘဝသို့ ရောက်ခဲ့ကြရသည်။ ထိုအထဲတွင် မိမိတို့ဘိုးဘေးများပါ ခံခဲ့ကြရသည်မှာ လက်တွေ့။

မျက်မှောက်ခေတ်တွင် ကမ္ဘာ့အဝန်း ကျယ်ကျယ်လောင်လောင်ဖြစ်နေသော ကိစ္စနှစ်ခုရှိသည်။ ပထမ အကြမ်းဖက်မှုပြဿနာဖြစ်ပြီး ဒုတိယမှာ ရာသီဥတုပြောင်းလဲခြင်းပြဿနာဖြစ်၏။ ထိုပြဿနာနှစ်ခုလုံးသည် လူသားတို့ဘဝရပ်တည်မှုကို ခြိမ်းခြောက်နေသည်ဟု ပြောကြသည်။ နိုင်ငံတစ်နိုင်ငံ၊ အစိုးရတစ်ရပ်၊ အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဦးချိုးခံရလိမ့်မည်။ သို့သော် ထိုကိစ္စများသည် ရိုးရှင်းမှုတော့မရှိ။ အထူးသဖြင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပြဿနာတွင် အင်အားကြီးသူ အနိုင်ယူဟူသည့် သဘောရှိ၏။ အချို့က အဆိုပါပြဿနာ၏ဇာစ်မြစ်ကို သိသိနှင့် မရောင်ရာဆီလူးနေကြသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဟု ဓနအင်အားသာလွန်သူ၊ နည်းပညာသာလွန်သူတို့က လက်ဦးမှုယူကာ ပြောသည်။ မြန်မာမှုတွင် ငါးဖယ်ရိုးကို ပြောင်းပြန်ထိုးဟူသော ဆိုရိုးစကားရှိသည်။ ဆန့်ထုတ်စဉ်းစားကြည့်စေချင်သည်။

ရာသီဥတုပြောင်းလဲခြင်း တစ်နည်း ကမ္ဘာမြေပူနွေးလာခြင်းကြောင့် သဘာဝဘေးဒဏ်များဖြစ်လာသည်မှာ မှန်ပါသည်။ သို့သော် မည်သည့်အတွက်ကြောင့်၊ မည်သူ့ပယောဂကြောင့် ဆိုသည်ကို အဆုံးသတ်ထိမကြည့်ဘဲ မျက်မှန်စိမ်းတပ်ကာ ဆင်ဝှေ့ရန်ရှောင်ပြောဆိုနေကြသည်မှာ သဘာဝမကျပေ။

**ဓာတ်အားပေး တာဘိုင်စက်များ**

အနောက်နိုင်ငံများ၌ (၁၈) ရာစုမှ (၁၉) ရာစုတွင် စက်မှုလုပ်ငန်းအခြေတည်မိသည်မှ စက်မှုတစ်ခေတ်ဆန်းသည့်အဆင့်အထိ ရောက်ရှိခဲ့သည်။ အဆိုပါ စက်မှုလုပ်ငန်းကြီးများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရန်အတွက် ကုန်ကျစရိတ်သက်သာပြီး စွမ်းအားပြည့်ရသော ရုပ်ကြွင်းလောင်စာ အထူးသဖြင့် ကျောက်မီးသွေးကို အလွန်အကျွံသုံးစွဲခဲ့ကြသည်။ ကျောက်မီးသွေးကို မီးရှို့လောင်ကျွမ်းစေကာ စက်မှုယန္တရားအမျိုးမျိုးကို မောင်းနှင်စေ၊ ဓာတ်အားပေး တာဘိုင်စက်များစွာကို လည်ပတ်စေခဲ့သည်။ စက်မှုနိုင်ငံကြီးများ၏ ကောင်းကင်ယံတွင် ကျောက်မီးသွေး မီးခိုးမှိုင်းများ မည်းမည်းမှောင်ခဲ့သည်။

ယခု ၂၁ ရာစုသို့ ရောက်ခဲ့ပြီ။ သူတို့၏ဘဏ္ဍာတိုက်တို့တွင် ပြည့်လျှံလျက်ရှိပြီ။ သို့သော် လောဘကို အတောမသတ်နိုင်ကြသေး။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် ကျောက်မီးသွေးကို တစ်ဝကြီးသုံးစွဲလာခဲ့ပြီးသည့်တိုင် မတင်းတိမ်နိုင်သေးဘဲ ဆက်လက်သုံးစွဲနေကြဆဲဖြစ်သည်။ အခြားစွမ်းအင်အရင်းအမြစ်များကို ရှာဖွေသုံးစွဲအောင်မြင်လာသည့်တိုင် ကျောက်မီးသွေးကိုမူ ၁၀၀ ရာခိုင်နှုန်း မစွန့်လွှတ်၊ မစွန့်ပစ်သေး။ လျှော့ချရုံမျှသာရှိ၏။

**ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး**

"ကမ္ဘာကြီးပူနွေးလာမှုအတွက် ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးလှုပ်ရှားမှု" ဟူသော လူရိုသေရှင်ရိုသေရှိမည့် ခေါင်းစဉ်တစ်ခုကို ဦးစွာရွေးချယ်လိုက်သည်။ ထိုလှုပ်ရှားမှုကို ဇန်းတင် အယုံသွင်းလာပြီး ခရီးပေါက်စပြုချိန် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဂျပန်နိုင်ငံ ကျိုတိုမြို့၌ Kyoto Protocol ကို စတင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် စတင်သက်ဝင်စေခဲ့သည်။ ထိုမှအစပြုကာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် Kyoto Protocol အား ပြင်ဆင်မှုကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ဆွေးနွေးဆောင်ရွက်ခဲ့ကြပြီး ယင်းကို ဒိုဟာပြင်ဆင်ချက်ဟု အမည်တပ်ခဲ့သည်။

ကာဗွန်လျှော့ချရေးလှုပ်ရှားမှုများကို အဆက်မပြတ်ဆောင်ရွက်လာခဲ့ရာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပသည့် UNFCCC (United Nation Framework Convention Climate Change) ၏ COP 21 အစည်းအဝေးကြီးတွင် ဆွေးနွေးခဲ့ကြပြီး ၂၀၁၆ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ပါရီသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုညီလာခံက ကျောက်မီးသွေးစွမ်းအင်ကိုမသုံးဘဲ ဆိုလာစွမ်းအင်ကို ပြောင်းလဲအသုံးပြုရန် ဆုံးဖြတ်ကာ ကျောက်မီးသွေးစွမ်းအင်သုံးနိုင်ငံများရှိ စက်မှုလုပ်ငန်းမှန်သမျှကို တားဆီးနှောင့်ယှက်မှုများ အရှိန်အဟုန်မြင့်လုပ်ဆောင်လာခဲ့သည်။

နှစ်ပေါင်းများစွာ ကျောက်မီးသွေးလောင်စာကို အတိုင်းအဆမဲ့ သုံးလာသူများက ယခုအရေးကို ဦးဆောင်သည်မှာ ရယ်ဖွယ်ရာသာ ဖြစ်သည်။ သူတို့ကိုယ်တိုင် လုံးလုံးလျားလျားစွန့်ပစ်ပြီလားဟုတော့ မဟုတ်သေး။ သူတို့က လျှော့ချရုံလျှော့ချခြင်းသာရှိသေးသည်။ ထိုလျှော့ချသည့်ပမာဏသည်ပင်လျှင် စက်မှုအရှိန်ယူစ နိုင်ငံငယ်များထက် အများကြီးပိုနေသေးသည်။ သူတို့ခြေလှမ်းက ထင်သည်ထက် ပိုကြဲသည်ကို ဂရုတစိုက်ကြည့်လျှင် သိနိုင်သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုဖို့ တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး၊ အသာအယာတစ်သွယ်၊ အခြောက်အလှန့်တစ်နည်း လုပ်ဆောင်လာသကဲ့သို့ သူတို့၏ ကုန်ချောပစ္စည်းများ ကြော်ငြာသည့် အလုပ်ကိုလည်း ပူးတွဲလုပ်ဆောင်လာကြသည်။ သူတို့နည်းပညာ၊ သူတို့၏ထုတ်ကုန်များထဲမှ တစ်မျိုးဖြစ်သည့် ဆိုလာနည်းပညာ၊ ဆိုလာဆက်စပ်ပစ္စည်းတို့၏ ကောင်းခြင်းငါးဖြာကို မစားရ ဝခမန်းကြော်ငြာကာ ဆိုလာစွမ်းအင်သည်သာ ပကတိအမှန်တရားဖြစ်ကြောင်း တွင်တွင်ပြောဆိုလာကြသည်။ စင်စစ် စွမ်းအင်တိုင်းလိုလိုတွင် အားသာချက်ရှိသလို အားနည်းချက်များလည်းရှိသည်သာဖြစ်၏။ ထိုအထဲမှ ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ် ကိုယ့်ရေမြေ၊ ကိုယ့်လူမျိုးနှင့် ကိုက်ညီသည်ကို ကိုယ့်ဘာသာရွေးချယ်သည်က အကောင်းဆုံးဖြစ်သည်။

**အပူစွမ်းအင်သုံးစက်ရုံ**

ဆိုလာစွမ်းအင်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အခြေအနေနှင့် နည်းပညာရှုထောင့်က ပြောရမည်ဆိုလျှင် လုံးဝတည်ငြိမ်စွမ်းအင်ဖြစ်သည်ဟု ယတိပြတ်မဆိုသာချေ။

**စာမျက်နှာ ၁၈ သို့** ❂

**"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် တိုးတက်ဖွံ့ဖြိုးမှုနယ်ပယ်၊ စီးပွားရေးတွက်ခြေကိုက်မှုနယ်ပယ်၊ သဘာဝနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်တွက်ချက်နယ်ပယ်များကို ချိန်ညှိ၍ အကောင်းဆုံးကို ရွေးယူကြရပါမည်။ ကိုယ့်အိုးနှင့်ကိုယ့်ဆန် တန်သည်ကို ရွေးချယ်၍ စတင်အလုပ်လုပ်ပြီး အောင်မြင်လာလျှင် ပို၍ကောင်းသည်များကို ရွေးချယ်လာနိုင်မည် ဖြစ်သည်။ တစ်နိုင်ငံလုံး၏ ၃၃ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားကို စနစ်တကျ ပြည့်ပြည့်ဝဝ သုံးစွဲနိုင်ပြီး ကျန် ၆၇ ရာခိုင်နှုန်းကို အများနည်းတူ သုံးစွဲခွင့်ရနိုင်ဖို့ကလည်း အရေးကြီးသည့်အချက်ဖြစ်"**

> ❛ လျှပ်စစ်စွမ်းအင်ကို နည်းလမ်းပေါင်းစုံသုံး၍ ထုတ်လုပ်ကြရာတွင် မည်သည့်စနစ်က ကောင်းသည်၊ မည်သည့်စနစ်က မကောင်းဟု တထစ်ချ ပြော၍မရပါ။ အရာရာသည် အကောင်းနှင့် အဆိုး ဒွန်တွဲနေသည့်သဘောရှိသည်ဖြစ်၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် အရင်းအမြစ်ပေါင်းစပ်မှု Generation Mix ကို အခြေခံ၍ အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ကြရမည် ❜

❂ စာမျက်နှာ ၁၇ မှ
စက္ကန့်တိုင်းတွင် အပြောင်းအလဲ အတက်အကျများရှိသော အခြေခံဝန်အားကို ရေအားလျှပ်စစ်ဖြင့် မောင်းနှင်နေရသည့် နိုင်ငံတစ်နိုင်ငံအဖို့ နည်းပညာအခက်အခဲများစွာ ရှိလာနိုင်သည်။ ပထမအချက်အနေဖြင့် နေရောင်ခြည်အပြည့်အဝရရှိသည့် နိုဝင်ဘာလမှ ဧပြီလအထိ ခြောက်လတာကာလတွင်ပင် တစ်ရက်လျှင် နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိသာ နေစွမ်းအင်ကို ရာနှုန်းပြည့်ရရှိပေရာ ယင်းကို ဝန်းရံပံ့ပိုးပေးမည့် အပူစွမ်းအင်သုံးစက်ရုံ အလုံအလောက်မရှိသေးပေ။

ဒုတိယအချက်အနေဖြင့် ထိုနေစွမ်းအင်အပြည့်အဝရရှိနိုင်သည့်နေရာများမှာ နိုင်ငံ၏အထက်ပိုင်းဒေသများတွင် ရှိနေပြီး လျှပ်စစ်ဓာတ်အားကို ၅၀ ရာခိုင်နှုန်း ရယူသုံးစွဲသည့်ဒေသမှာ အောက်ပိုင်းဒေသများ ဖြစ်နေသည်။ ကီလိုမီတာ ၄၀၀ ခန့်ရှည်လျားမည့် ဓာတ်အားလိုင်း တည်ငြိမ်မှုကို နေရောင်ခြည်စွမ်းအင်သုံးစက်ရုံများက ထောက်ပံ့ပေးနိုင်မှုသည် အခက်အခဲတစ်ခုဖြစ်သည်။ မိတ္ထီလာနှင့် တောင်ငူပတ်ဝန်းကျင်တွင် ဓာတ်အားပိတ်ဆို့ကျပ်တည်းမှု ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ဓာတ်အားစနစ်ကို တည်ငြိမ်အောင်ထိန်းဖို့ ခက်ခဲသွားမည်ဖြစ်သည်။

**နေရောင်ခြည်စွမ်းအင်သုံးစက်ရုံကြီးများ တည်ဆောက်**

တတိယအချက်မှာ မြန်မာနိုင်ငံတွင် မြေအခမဲ့မရခြင်းဖြစ်သည်။ ခေတ်အမီဆုံးစနစ်များ တပ်ဆင်ထားသည့်နေရောင်ခြည်ခံပြားများတပ်ဆင်ထားသည့် စက်ရုံများတွင်ပင် တစ်မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရန် မြေနှစ်ဧကခန့်သုံးစွဲရသည်။ ထို့ကြောင့် ကြီးမားလှသော နေရောင်ခြည်စွမ်းအင်သုံးစက်ရုံကြီးများ တည်ဆောက်ရန်မှာ သံသယဖြစ်ဖွယ်ရှိ၏။ အကယ်၍ ဆောင်ရွက်နိုင်စေဦးတော့ ဓာတ်အားခနှုန်းထားမှာ ကြီးမြင့်လိမ့်မည်ဟု လွယ်လွယ်ကူကူ တွက်ချက်နိုင်၏။

လေစွမ်းအားသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် အဆိုပြုချက်များလည်း တထောကြီး လက်ခံရရှိထားသည်။ လေစွမ်းအင်တွင်လည်း အလားတူအခက်အခဲများ ရှိပါသည်။ ထင်သာမြင်သာတစ်ခုမှာ လေရဟတ်တစ်ခုတည်ဆောက်ရာတွင် အသုံးပြုသည့်ပစ္စည်းများမှာ လေးလံပြီး ထုထည်ကြီးမားရှည်လျားသဖြင့် ယင်းတို့ကို လုပ်ငန်းခွင်သို့ သယ်ယူပို့ဆောင်ရာတွင် လက်ရှိမိမိတို့နိုင်ငံရှိလမ်းများ၏ ခံနိုင်ဝန်အားကိုတွက်ချက်ရန် လိုအပ်ခြင်းဖြစ်သည်။ တွက်ချက်မှုအရ သုည ဒသမ ၅ မဂ္ဂါဝပ်မျှသာထွက်ရှိမည့် လေရဟတ် တစ်ခု တည်ဆောက်ရန် သယ်ယူပို့ဆောင်ရေးယန္တရားလိုအပ်ချက်မှာ တန် ၃၀ နောက်တွဲယာဉ် ၁၀ စီး၊ တန် ၆၀ နောက်တွဲယာဉ် လေးစီး၊ တပ်ဆင်မှုလုပ်ငန်းများတွင် အသုံးပြုရန် တန် ၁၀၀၀ ကရိန်းတစ်စီး၊ တန် ၅၀၀ ကရိန်း နှစ်စီး အကြမ်းဖျင်းလိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ လမ်းတံတားများ၏ ခံနိုင်ဝန်အား သတ်မှတ်ချက်ကို လေ့လာကြည့်ပါက အခက်အခဲကို ပိုပြီးသဘောပေါက်လာမည် ဖြစ်ပါသည်။ လေအားဖြင့် လျှပ်စစ်ထုတ်ယူခြင်းသည်လည်း ဈေးနှုန်းမသက်သာလှ။ သုံးစွဲရန် လေ့လာဆန်းစစ်ချက်များအရ အများစုသည် စွမ်းဆောင်ရည်ညွှန်းကိန်း ၂၀ ရာခိုင်နှုန်းခန့်သာရှိပြီး နည်းပညာမြင့်မားသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အုပ်စုတွင် ၄၀ ရာခိုင်နှုန်းအောက်သာရှိသည်ကို တွေ့ရသည်။

သူတို့က ကျောက်မီးသွေးကို တစ်ချက်လွှတ်အမိန့်ထုတ်ပိတ်ပင်ပြီး သူတို့ထုတ်ပစ္စည်းကိုပဲ သုံးစွဲဖို့ နည်းလမ်းစုံအသုံးပြုလာသည်လောက်နှင့် ရပ်မနေသေး။ ကိုယ့်ခြေထောက်ပေါ် ကိုယ့်ဘာသာရပ်၊ ကိုယ့်တိုင်းပြည်တိုးတက်ရေး ကိုယ့်အစီအမံနှင့် ထူထောင်နေသည့် တိုင်းပြည်များ ရှေ့တန်းရောက်လာမည်ကိုလည်း မရှုဆိတ်ကြပြန်ချေ။ ငါတို့ပြောတာတွေ မလုပ်ရင် မင်းတို့လုပ်ချင်ရာ လုပ်တာကိုလည်း ငါတို့ဖျက်ဆီးမည်ဟု အကြံအစည်ဆိုး ရှိကြသေးသည်။ တမံတွေမဆောက်ကြနှင့်၊ တမံတွေဟာ လူမှုပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်တယ်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်တယ်စသည့်အတွေးအခေါ်ကို မသိနိုးနား လူထုစိတ်အာရုံထဲသို့ တစိမ့်စိမ့်ဝင်နေအောင် ဖိသွင်းနေသည်။

ထိုနေရာတွင် နည်းလမ်းစုံဆိုသည့်စကားက ကျယ်ပြန့်သည်။ စိတ်ထားယုတ်ညံ့သူလက်ထဲ ငွေကြေးအပြည့်ရှိနေခြင်းသည် အမှန်တရားပျက်စီးဖို့လမ်းစဖြစ်သည်။ ငွေမက်သည့်ပညာတတ်များ၊ ငွေမက်သည့်ကျော်ကြားသူများ၊ အုပ်ချုပ်သူအဖွဲ့အစည်းကို အကြောင်းအမျိုးမျိုးနှင့် နာကြည်းနေသည့် အငြိုးစိတ်ရှိသူများကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်ဖုံ စည်းရုံးသည်။ ထိုသူတို့ကို အသုံးချကာ စာစောင်များရေး၊ ကြေညာချက်များထုတ်၊ လမ်းပေါ်တက်ကြွေးကြော် စသည့်အလုပ်တို့ကို နေရာအနှံ့တွင် ခပ်စိပ်စိပ်လုပ်ကြသည်။ ကြာလာတော့ မျက်တောင်မွေးတစ်ဆုံးသာ ကြည့်တတ်သူများစိတ်ထဲတွင် အမှားကို အမှန်ထင်လာတော့သည်။

**စွမ်းအင်နယ်ချဲ့ခြင်း**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီအဖွဲ့အစည်းကြီးများက အဘယ်ကြောင့် ထိုသို့လုပ်ကြသနည်းဟု အသေးစိတ်မေးခွန်းကို ထပ်မေးဖို့လိုမည်။ အဓိကကျသော အချက်နှစ်ချက်သာရှိသည်။ နံပါတ်တစ်အချက်မှာ လျှပ်စစ်နှင့်စွမ်းအင်ကို ရေငတ်သလို လိုချင်နေကြသော အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် ကျွန်းစုနိုင်ငံငယ်များတွင် ကြီးမားသောဈေးကွက်ကြီးရှိနေပြီး ထိုဈေးကွက်ဝေစုကို များများသိမ်းပိုက်ချင်သည်။ နံပါတ်နှစ်အချက်မှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာသည် လျင်မြန်စွာတိုးတက်လာခဲ့ပြီး စွမ်းဆောင်ရည်ကောင်းသော ပစ္စည်းများ ထုတ်လုပ်လာနိုင်ခဲ့ပြီဖြစ်ရာ နည်းပညာအဟောင်းဖြင့် ထုတ်လုပ်ထားခဲ့သည့် ပစ္စည်းတောင်ပုံယာပုံကို အစွံထုတ်ချင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူတို့၏ သဘာဝပတ်ဝန်းကျင်အကြောင်းပြချက်အခြေခံ ပြန်လည်ပြည့်ဖြိုးမြဲ လမ်းကြောင်းထွင်ခြင်းသည် စေတနာမှန်ဟုဆိုရန် ခက်လှသည်။ တည့်တည့်ပြောရလျှင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ဖွံ့ဖြိုးဆဲနိုင်ငံလေးများအပေါ် စွမ်းအင်နယ်ချဲ့ခြင်းမှအပ အခြားမရှိပြီ။

**တရားခံမှာ ရုပ်ကြွင်းလောင်စာ**

မင်းသားခေါင်းဆောင်းထားသည့်ဘီလူးဟူ၍ ဇာတ်တော်များတွင် ဖတ်ဖူးလိမ့်မည်။ သိုးအရေခြုံထားသည့် ဝံပုလွေဟု ပုံပြင်ထဲတွင်ဖတ်ဖူးလိမ့်မည်။ လူ့လောကနယ်ပယ်တွင်လည်း ဤနှယ်ဆင်ဆင်များ ရှိသည်။ မြင်အောင်ကြည့်တတ်ဖို့တော့လိုသည်။ အနှစ်နှစ်အလလက ကမ္ဘာမြေသယံဇာတများစွာကို ထုတ်ယူကာ ညစ်ညမ်းအောင်ပြုလာသူများက ခုမှသဘာဝပတ်ဝန်းကျင်ကြီးကို ချစ်သလိုလိုပြောလာသည်။ ကမ္ဘာမြေကျန်းမာရေး ထိခိုက်စေခြင်း တရားခံမှာ ရုပ်ကြွင်းလောင်စာ အထူးသဖြင့် ကျောက်မီးသွေးဟု လက်ညှိုးငေါက်ငေါက်ထိုးလာသည်။ ဒါက တစ်ချက်ခုတ် သုံးချက်ပြတ်လှည့်စားချက်ဖြစ်သည်။

ပထမတစ်ချက်က ဒိတ်အောက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ပစ္စည်းများကို အစွံထုတ်လို၍၊ ဒုတိယ ကမ္ဘာ့ကျောက်မီးသွေး လက်ကျန်ကို တစ်ဖက်လှည့်နှင့် သူတို့အိတ်ကပ်ထဲ ရောက်လို၍၊ တတိယ သူတို့ကို ကမ္ဘာသူ ကမ္ဘာသားများက သဘာဝပတ်ဝန်းကျင် ကယ်တင်ရှင်ကြီးများအဖြစ် သူကောင်းပြုစေလို၍ဖြစ်သည်။ အခြားတိုင်းပြည်များကို ကျောက်မီးသွေးသုံးစွဲခွင့် ပိတ်ပင်သော်လည်း သူတို့ကိုယ်တိုင်က စွမ်းရည်နိမ့်စက်ရုံငယ်များကို ရုပ်ပြဖျက်သိမ်းပြီး နည်းပညာမြင့် ကျောက်မီးသွေးစက်ရုံကြီးများကို အစားထိုးတည်ဆောက်လာခြင်းက ရှေ့စကားနှင့် နောက်စကား မညီပေ။ သို့သော် ဓနအင်အားကောင်းသူများပီပီ အစည်းအဝေးကြီးများ ဝှဲချီးကျင်းပကာ သူတို့ဖြစ်စေချင်ရာ ဆွဲဆောင်စည်းရုံးသည်။ သဘောမတူသူကို နှိပ်ကွပ်သည်။ သူတို့ခင်းသည့်လမ်းကြောင်း၏ အဟာန့်အတားတစ်ခုမှာ ရေအားလျှပ်စစ်စက်ရုံများဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်လျှင် တမံတည်ဆောက်ရန်လိုသည်။ ထို့ကြောင့် တမံများကြောင့် ကမ္ဘာမြေပျက်စီးဆုတ်ယုတ်စေသည် ဟူသော ခေါင်းစဉ်တစ်ခုတီထွင်ကာ နည်းလမ်းအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်ပြန်သည်။ သူတို့၏ ထိုးနှက်တိုက်ခိုက်မှု အောင်မြင်သည့်ပြယုဂ်ကို မျက်ဝါးထင်ထင် မြင်နိုင်သည်။ တချို့သောနိုင်ငံများကမူ မိမိတိုင်းပြည်၏အကျိုးကို တစိုက်မတ်မတ်ကြည့်တည့်တည့်ပင် လျှောက်လှမ်းကြသည်။

လျှပ်စစ်စွမ်းအင်ကို နည်းလမ်းပေါင်းစုံသုံး၍ ထုတ်လုပ်ကြရာတွင် မည်သည့်စနစ်က ကောင်းသည်၊ မည်သည့်စနစ်က မကောင်းဟု တထစ်ချ ပြော၍မရပါ။ အရာရာသည် အကောင်းနှင့်အဆိုး ဒွန်တွဲနေသည့်သဘောရှိသည်ဖြစ်၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် အရင်းအမြစ်ပေါင်းစပ်မှု Generation Mix ကိုအခြေခံ၍ အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

**တစ်နိုင်ငံလုံး၏ ၃၃ ရာခိုင်နှုန်း**

အလားတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် တိုးတက်ဖွံ့ဖြိုးမှုနယ်ပယ်၊ စီးပွားရေးတွက်ခြေကိုက်မှုနယ်ပယ်၊ သဘာဝနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်တွက်ချက်နယ်ပယ်များကို ချိန်ညှိ၍ အကောင်းဆုံးကို ရွေးယူကြရပါမည်။ ကိုယ့်အိုးနှင့်ကိုယ့်ဆန် တန်သည်ကို ရွေးချယ်၍ စတင်အလုပ်လုပ်ပြီး အောင်မြင်လာလျှင် ပို၍ကောင်းသည်များကို ရွေးချယ်လာနိုင်မည်ဖြစ်သည်။ တစ်နိုင်ငံလုံး၏ ၃၃ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားကို စနစ်တကျ ပြည့်ပြည့်ဝဝသုံးစွဲနိုင်ပြီး ကျန် ၆၇ ရာခိုင်နှုန်းကို အများနည်းတူ သုံးစွဲခွင့်ရနိုင်ဖို့ကလည်း အရေးကြီးသည့်အချက်ဖြစ်ပါသည်။

သို့မှသာ ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် အရေးပါသည့်အစီအစဉ်များကို ကျွံကူးရေပါ ဆောင်ရွက်လာနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးရေး၌ စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## လောက်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန နားလီဘိန်းအစားထိုးဖွံ့ဖြိုးရေးခြံ၌ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

လောက်ကိုင် မေ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန နားလီဘိန်းအစားထိုးဖွံ့ဖြိုးရေးခြံ ခန်းမ၌ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများကို ယနေ့နံနက် ၉ နာရီခွဲက ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခုနှစ် လယ်ယာကဏ္ဍလုပ်ငန်းဆောင်ရွက်မှု တင်ပြခြင်းနှင့် မိုးသီးနှံ တောင်သူပညာပေးစံပြကွက်၊ စမ်းသပ်ကွက် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြသည်။

ထို့နောက် ကျေးရွာ ၁၂ ရွာရှိ တောင်သူများသို့ ကုန်းမြင့်-၂ စပါးမျိုးစေ့၊ ပဲပုပ်၊ ပိုက်ဆံလျှော်၊ နေကြာသီးနှံ၊ ယူရီးယားဓာတ်မြေဩဇာ၊ အစေ့ထုတ်ပြောင်းများနှင့် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးမိုးဇော်လတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နားလီဘိန်းအစားထိုးဖွံ့ဖြိုးရေးခြံအတွင်း ပျိုးထောင်ထားသောစိုက်ခင်းများကို လှည့်လည်ကြည့်ရှုကာ လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက မြေဆီလွှာစမ်းသပ်ကိရိယာဖြင့် လက်တွေ့စမ်းသပ်ပြပြီး မြေဆီလွှာများ ခန်းခြောက်လာပြီဖြစ်၍ ပြန်လည်ကုစားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ် (ပြန်/ဆက်)



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

[၄]

သမီးယောက်မနှစ်ယောက် နန်းကန္ဒရီ၏ ဖြစ်စဉ်ကို ဆွေးနွေးကြသည်။ တိုင်ပင်ကြသည်။ ဒေါ်ဝင်းရီက နန်းကိန္နရီ၏ဖြစ်စဉ်ကို သူကြားခဲ့ရသည့်အတိုင်း တစ်လုံးမကျန် ပြန်လည်ဖောက်သည်ချခဲ့သည်။ ဒေါ်ရေနံ့သာ ခင်ခင်ကြီးသည် ဒေါ်ဝင်းရီပြောပြသမျှကို စူးစူးစိုက်စိုက်နားထောင်သည်။ အာရုံဝင်စားမိပုံရသည်။

သို့နှယ်ဖြင့် ယခုအခါ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဘဝဖြစ်စဉ်ကိုလည်း နန်းကိန္နရီ သိခဲ့ရပြီ။ နန်းကိန္နရီ၏ ဘဝဖြစ်စဉ်ကိုလည်း ဒေါ်ရေနံ့သာ ခင်ခင်ကြီး သိခဲ့ရပြီ။ တစ်ယောက်၏ဘဝကို တစ်ယောက် နားလည်လာမိကြပြီဟု ဆိုနိုင်သည်။ တစ်ယောက်အပေါ်တစ်ယောက် ပိုမိုတွယ်တာခြင်းလည်း ရှိလာသည်။

နောက်တစ်နေ့နံနက်တွင် နန်းကိန္နရီ မေးသည်။

"ဘုရားကြီးတိုက်ကို သွားဦးမှာလားဟင်"

"နေပေစေတော့ အရီ၊ မသွားတော့ဘူး"

ဒေါ်ရေနံ့သာခင်ခင်ကြီး ဆိုသည်။

နောက်ပိုင်းတွင် ဘုရားကြီးတိုက်သို့ မသွားခြင်းနှင့် စပ်လျဉ်း၍ ဒေါ်ဝင်းရီ မေးစမ်းကြည့်သည်။

"ဘယ်လိုဖြစ်ပြီး စိတ်ပြောင်းသွားတာလဲ ညီမ။ ဘာဖြစ်လို့ ဘုရားကြီးတိုက်ကို မသွားတော့တာလဲ ဟင်"

"ခင်ကြီးမှာ အကြံတစ်ခုရှိလို့ပါ"

ဒေါ်ရေနံ့သာ ခင်ခင်ကြီး ထိုမျှသာပြောသည်။

အမှန်ပင်၊ ဒေါ်ရေနံ့သာ ခင်ခင်ကြီး၌ အကြံအစည်တစ်ခုရှိသည်။ ထိုနေ့ နေ့လယ်ပိုင်းက ဒေါ်ရေနံ့သာခင်ခင်ကြီး အိမ်မှ ထွက်သွားသည်။

ဗိုလ်မှူးညိုထွန်းရှိရာ နန်းမြို့တွင်းသို့ အလျင်ဝင်သည်။

"ခင်ကြီးနဲ့ ခဏလိုက်ခဲ့စမ်းပါ အစ်ကိုထွန်း" ဆိုကာ ဗိုလ်မှူးညိုထွန်းကို ခေါ်လာခဲ့သည်။

"ဘယ်သွားမှာလဲ ညီမ။ ညီမကိုကြည့်ရတာ အရေးတကြီး နိုင်လိုက်တာ"

လမ်းတွင် ဗိုလ်မှူးညိုထွန်း မေးသည်။

"အသာကလေးလိုက်ခဲ့စမ်းပါ။ ငြိမ်ငြိမ်ကလေး နေစမ်းပါ။ ခင်ကြီး ဘာလုပ်တယ်ဆိုတာသာ ကြည့်နေ"

ဗိုလ်မှူးညိုထွန်းသည် နောက်ထပ်မမေးတော့ဘဲ ဒေါ်ရေနံ့သာခင်ခင်ကြီး ခေါ်ဆောင်ရာသို့ လိုက်ပါလာသည်။

ရေနံ့သာခင်ခင်ကြီးလာခဲ့သော နေရာမှာ – ဥယျာဉ်တန်း။

တစ်နေရာသို့အရောက်၌ ဒေါ်ရေနံ့သာခင်ခင်ကြီး မော်တော်ကား တံခါးပေါက်မှ ခေါင်းပြူထွက်ရင်း လမ်းဘေး၌ ကစားနေသည့်ကလေးတစ်ယောက်ကို မေးသည်။

"ဒီမယ် ကလေး၊ ဒေါ်ဖြူပြာတို့အိမ် ဘယ်အနားမှာလဲ ဟင်"

သူ၏အမေးကို ကလေးက အကစားမပျက် ဖြေသည်။

"ဒေါ်ဖြူပြာ မရှိတော့ဘူးခင်ဗျ"

"ဟင်"

"ဒေါ်ဖြူပြာ ဆုံးသွားပြီ"

ဒေါ်ရေနံ့သာ ခင်ခင်ကြီး အစဉ်းစားရခက်သလို ဖြစ်သွားသည်။

"သူ့ညီမတွေတော့ရှိတယ်။ သူတို့အိမ်က ဟိုမှာ"

ကလေးညွှန်ပြသောအိမ်မှာ လမ်းထိပ်တွင်ရှိသည်။ အိမ်အိုကြီးတစ်လုံးပင်။ ဘုန်းကြီးကျောင်းလိုလို ဇရပ်လိုလို ပုံစံမျိုးရှိသည်။ ဘုံအဆင့်နှင့် စိန်တောင်နှင့်။ ကနုတ်ကွက်နှင့် ပန်းဆွဲနှင့်။

"ကျေးဇူးပဲကလေး"ဆိုကာ ဒေါ်ရေနံ့သာ ခင်ခင်ကြီး ကားကို ဆက်မောင်းလာသည်။ အိမ်အိုကြီးရှေ့တွင် ရပ်လိုက်သည်။

မိမိတို့အိမ်ရှေ့သို့ မော်တော်ကားတစ်စီးဆိုက်လာသည်။ ကားပေါ်မှ ဝတ်ကောင်းစားလှ ဝတ်ထားသော မိန်းမတစ်ယောက်နှင့် စစ်ဗိုလ်တစ်ယောက်ဆင်းလာသည်။ သူတို့နှစ်ယောက် အိမ်ပေါ်သို့တန်းတန်းမတ်မတ် တက်လာသည်။ ဤသည်များကို ဝရန်တာမှနေကာ ဒေါ်သူဇာ တအံ့တသြ ကြည့်နေသည်။ စိတ်မှာ ထူးခြားဆန်းကြယ်သလို ခံစားရသည်။

မျက်စိမှုန်နေပြီဖြစ်သော ဒေါ်သူဇာသည် အိမ်ပေါ် တက်လာသူများကို သူစိမ်းများဟု မထင်။ အသိအကျွမ်းထဲကပဲဖြစ်မည်။ မိမိမျက်စိက မကွဲပြား၍သာ မည်သူမည်ဝါဟုမသိခြင်း ဖြစ်မည်ထင်သည်။ ကားနှင့် ဘာနှင့် လာသည်ဆိုတော့လည်း စိတ်မှာ အလိုလို ဖော်ဖော်ရွှေရွှေ ရှိနေမိသည်။

ထို့ကြောင့်ပင် လိုလိုချင်ချင် ခရီးဦးကြိုပြုမိသည်။

"လာကြပါ။ လာကြပါ"

ဒေါ်သူဇာက ပျာပျာသလဲဆိုသည်။

ဧည့်ခန်းဆီသို့ ဦးဆောင်ခေါ်ငင်လာခဲ့သည်။ နေရာထိုင်ခင်းပေးသည်။ နေရာတကျ ထိုင်မိလေမှ ဧည့်သည်များကို သေသေချာချာ ကြည့်မိသည်။ ထိုအ ခါ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသူများဖြစ်ကြောင်း တွေ့ရသည်။

အခန်းတစ်ခန်းမှ ဒေါ်မူယာထွက်လာသည်။ ဒေါ်မူယာကိုယ်တိုင်သည်လည်း ဘယ်သူဘယ်ဝါမှန်း မသိ။ အကဲခတ်သလို ကြည့်နေသည်။

"ကျွန်မနာမည် ရေနံ့သာခင်ခင်ကြီးပါ"

ဒေါ်ရေနံ့သာခင်ခင်ကြီး ဆိုသည်။

"ဘာရယ်"

သူ၏စကားကို အမျိုးသမီးကြီးများ နားမလည်လိုက်။

"ထားပါလေ။ ကျွန်မနာမည်ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးပါဘူး။ ဒေါ်ဒေါ်တို့အနေနဲ့ ဒီလမ်းထဲမှာ နေသွားဖူးတဲ့ နန်းကိန္နရီ အဲ တင်တင်ရီဆိုတဲ့ ကလေးမလေးကို သတိရမိသေးသလားဟင်"

"တင်တင်ရီ"

အဘွားကြီးနှစ်ယောက်စလုံး ယင်းအမည်ကို ပြိုင်တူဆိုလိုက်ကြသည်။

"ဟုတ်တယ်။ သူ့ကိုမှတ်မိသေးတယ်မဟုတ်လား"

သည်တွင် ဒေါ်မူယာသည် ဒေါ်ရေနံ့သာခင်ခင်ကြီး တို့အပါးမှာ လာထိုင်သည်။

"မှတ်မိတာပေါ့။ ဒါထက် သူဇာ။ မနေ့ကတောင် သူတို့များ လမ်းထဲကိုလာသေးတယ်ဆို။ သုံးလေးနှစ်အတွင်း ပထမဆုံးအကြိမ် ပြန်ရောက်လာတယ်ဆို"

"ကျွန်မလည်း ကြားရုံသာ ကြားလိုက်ရတာပါ။ မမြင်လိုက်မိဘူး။ ဒီကလေးမ အတော်ရိုင်းတာပဲ၊ တကယ်ဆို ဒီရောက်မှ တို့အိမ်တော့ လာသင့်တာပေါ့။ မဟုတ်လား"

"ဒါတော့အေ။ ဒီလမ်းထဲလာရတာကိုပဲ ရှက်ချင်ရှက်နေမိမှာပေါ့။ တစ်ချိန်ကအဖြစ်တွေ ပြန်တွေးရင် လာချင်စရာမှမရှိဘဲ"

အဘွားကြီးနှစ်ယောက် အချီအချပြောနေသည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး စိတ်ရှည်လက်ရှည် စောင့်သည်။

"ဒါထက် မိန်းကလေးက သူ့အကြောင်းကို ဘာလို့ သိချင်ရတာလဲ ဟင် "

ထုံးစံအတိုင်း ဒေါ်စပ်စုတို့က စပ်စုလာကြသည်။

"ကျွန်မတို့မှာ အကြောင်းရှိလို့ပါ။ ဘာအကြောင်းရယ်လို့တော့ ပြောရခက်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်မဘာဖြစ်လို့ သူ့အကြောင်းသိချင်တယ်ဆိုတာကိုမေ့ထားပြီးသူ့အကြောင်း နည်းနည်းပါးပါးလောက် ပြောပြပါလားဟင် "

ဒေါ်သူဇာတို့၏ ညိုမွဲနေသောမျက်ဝန်းများသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ကားကြောင့် ပြောင်လက်လာသည်။ စိတ်ဝင်တစား ရှိရသည်ဆိုခြင်းကို မျက်လုံးများက ဖော်ပြနေသည်။ စပ်စုခွင့်မရအောင် ပိတ်၍ ပြောထားသောစကားကြောင့် ခက်နေသည်။

တော်ရုံလျော်ရုံ လူတစ်ယောက်သာဆိုပါက ဒေါ်သူဇာတို့ ပြောပြရန် ငြင်းဆန်လွှတ်လိုက်မှာ သေချာသည်။ ယခုမူ ရုပ်ရည်က ရည်မွန်သည်။ ဝတ်ကောင်းစားလှနှင့် အဖိုးတန်ရတနာများ ဆင်ယင်ထားသော မိန်းမတစ်ယောက်ဖြစ်နေသည်။ ယင်းအဟန့်များကြောင့် မငြင်းဆန်ဖြစ်ဘဲရှိရသည်။

"သူ့အကြောင်းကို ဘယ်ကစသိချင်သလဲ"

"ဒေါ်ဒေါ်တို့ သူ့ကိုစတွေ့တဲ့အချိန်ကနေ သူ ပျောက်ဆုံးသွားတဲ့အထိပေါ့"

ဒေါ်မူယာ ချောင်းဟန့်သည်၊ လည်ချောင်းရှင်းသည်။ စင်စစ် သည်အဖြစ်ကို ဒေါ်သူဇာကိုယ်၌ကလည်း ပြောပြလိုလျက်ရှိကြောင်း တွေ့ရသည်။

ဒေါ်မူယာက သူစတင်တွေ့ရှိခဲ့ရသော တင်တင်ရီ၏အကြောင်းကို ပြောပြသည်။ တင်တင်ရီတို့သားအမိသည် လမ်းသို့ရောက်လာသည်မှ တင်တင်ရီ ထွက်ပြေးသည်အထိ ဖြစ်သည်။ သူမေ့ကျန်ခဲ့သော အချက်တို့ကို ဒေါ်သူဇာက ဖြည့်စွက်သည်။ တစ်ခါတစ်ရံ ဒေါ်သူဇာကပင် ဇာတ်လမ်းစဉ်ကို ဆက်၍ပြောသည်။ ထိုအခါ ဒေါ်မူယာက စကားလု၍ ပြောတတ်လေသည်။

ဒေါ်မူယာပြောပြခဲ့သော တင်တင်ရီ၏အကြောင်းမှာ ဒေါ်ဝင်းရီပြောပြသည်နှင့် အတူတူပင်ဖြစ်သည်။ ထပ်တူထပ်မျှဖြစ်သည်။ ဒေါ်ဝင်းရီပြောပြသမျှတို့နှင့် ကွဲပြားခြားနားသည့်အချက်မှာ ဒေါ်မူယာတို့ အနေနှင့် သူတို့ထင်မြင်ချက်အတိုင်း ဖြည့်စွက်ခဲ့သော အချက်တို့သာလျှင် ဖြစ်ပေသည်။ ကျန်အချက်များ၌ ယေဘုယျအားဖြင့် တူညီကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သည်အကြောင်းကို ပထမအကြိမ် ကြားသိပြီးဖြစ်၍ ယခုတစ်ကြိမ် နားထောင်ရစဉ်၌ စိတ်မှာမဆန်းလှ။

ဗိုလ်မှူးညိုထွန်းအဖို့တွင်မူ သူ နန်းကိန္နရီအနေနှင့် သိထားရသော တင်တင်ရီ၏အကြောင်းကို ပထမဆုံးအကြိမ် ကြားရခြင်းဖြစ်ရာ တအံ့တသြကြီးဖြစ်နေသည်။ စိတ်ဝင်တစား နားထောင်နေသည်။

သို့ဖြင့် နန်းကိန္နရီသည် သူ၏ဖြစ်စဉ်ကို ဒေါ်ဝင်းရီအားပြောပြရာ၌ အပိုအလိုမရှိပါ။ အညာအလှိုင်းမပါ။ တကယ်တမ်း မှန်မှန်ကန်ကန် ပြောပြခဲ့ခြင်းဖြစ်ကြောင်း ဒေါ်ရေနံ့သာ ခင်ခင်ကြီး သိရှိလာသည်။ အဖြစ်မှန်အတိုင်းဖြစ်ကြောင်း နားလည်လာသည်။ သည်တော့လည်း နန်းကိန္နရီ၏ ရိုးသားသော စိတ်ထားကို ချီးကျူးမိသည်။

"တို့များပြောတာကို မယုံသေးရင်၊ ဒါမှမဟုတ် မပြည့်စုံသေးဘူးထင်ရင် သူ့မိထွေး မအေးမြရှိတယ် သွားမေးပါဦးလား"

စကားအဆုံးတွင် ဒေါ်မူယာဆိုသည်။ ဤသည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး ခါးခါးသီးသီး ငြင်းပယ်မိလေသည်။

"အဲဒီမိန်းမ အခု ဘယ်လိုဖြစ်နေသလဲဟင်"

သည်မျှကိုတော့ မေးမိသည်။

"သူ မျောက်မထားတဲ့ကောင်လေးက တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်သွားတယ်၊ သူ့ယောကျ်ားကလည်း ဘုန်းကြီးဝတ်သွားတယ်လေ၊ ဒီကတည်းက ကောင်မ မာနကျသွားခဲ့တာပေါ့ "

ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ မအေးမြအတွက် သက်ပြင်းရှိုက်လိုက်မိသည်။

"ဒါထက် ဒေါ်ဒေါ်တို့ဆီမှာ တင်တင်ရီပေါင်ခဲ့တဲ့ ပစ္စည်းတွေ ရှိသေးသလားဟင်"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏အမေးကြောင့် အဘွားကြီးများ တုန်လှုပ်သွားသည်။ စင်စစ် သူတို့ပြောသောစကားများထဲတွင် ယင်းအကြောင်းမပါခဲ့။ တင်တင်ရီနှင့် မိမိတို့အကြောင်းကို တစ်နည်းမဟုတ်တစ်နည်းဖြင့် သိထားခဲ့ပေလိမ့်မည်ဟု တွက်မိကာ အဘွားကြီးများ တုန်လှုပ်သွားရခြင်း ဖြစ်သည်။

"တစ်ခုတလေတော့ ရှိဦးမလားပဲ။ မိန်းကလေး တွေ့တဲ့အတိုင်း တို့များက ခေါင်းဖြူစွယ်ကျိုးဖြစ်နေပြီမဟုတ်လား။ ဟိုတုန်းကဟာကလေးတွေ ရောင်းချစားရင်း အသက်ရှင်နေရတာကလား။ ဒီတော့ ဘယ်သူ့ပစ္စည်းရယ်လို့သတ်မှတ်ပြီး ချန်မထားနိုင်ခဲ့ဘူး"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ဒေါ်ဝင်းရီက နန်းကိန္နရီ၏ဖြစ်စဉ်ကို သူကြားခဲ့ရသည့်အတိုင်း တစ်လုံးမကျန် ပြန်လည်ဖောက်သည်ချခဲ့သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒေါ်ဝင်းရီပြောပြသမျှကို စူးစူးစိုက်စိုက်နားထောင်သည်။ အာရုံဝင်စားမိပုံရသည်။ ယခုအခါ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဘဝဖြစ်စဉ်ကိုလည်း နန်းကိန္နရီ သိခဲ့ရပြီ။ နန်းကိန္နရီ၏ ဘဝဖြစ်စဉ်ကိုလည်း ဒေါ်ရေနံ့သာခင်ခင်ကြီး သိခဲ့ရပြီ။ တစ်ယောက်၏ဘဝကိုတစ်ယောက် နားလည်လာမိကြပြီဟု ဆိုနိုင်သည်။ တစ်ယောက်အပေါ်တစ်ယောက် ပိုမိုတွယ်တာ..."**

# အသံတိတ်နဲ့ ကျိတ်ငိုသည်

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ

(ယခင်အပတ်မှအဆက်)

"ကျွန်မတို့ခေတ် မဟုတ်တော့ဘူးလေ၊ သမီးတို့ခေတ် ဖြစ်နေတာကိုး ရှင့်၊ သမီးတွေကိုပဲ ဦးစားပေးရမှာပေါ့" ဆိုတဲ့ အမေတွေလည်း အများကြီးပါပဲ"

ကဲ-သားသမီးဖြစ်တဲ့ ကိုယ်ကရော အဝတ်အစားနဲ့ပတ်သက်ပြီး ဟိုဟာပူဆာ၊ ဒီဟာပူဆာဆိုတဲ့ အဆင့်၊ ဟိုဟာမရ စိတ်ကောက်၊ ဒီဟာမရ စိတ်ဆိုးတဲ့ သေးသိမ်တဲ့ စိတ်ရှိကြတဲ့ အဆင့်က မတက်သေးဘူးလား၊ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ပါဦး။

ဒါတွေက ငယ်လို့ဆိုပြီး ထားလိုက်ပါတော့ ဗဟုသုတတွေ၊ အသိဉာဏ်တွေ နည်းသေးလို့ဆိုပြီးထားပါတော့။

အခု အလုပ်အကိုင်လည်းရှိ၊ သက်ကြီးရွယ်အို မိဘတွေလည်း ရှိနေတာပါပဲ။ အဖေဖြစ်ဖြစ်၊ အမေဖြစ်ဖြစ် ရှိနေကြတာပဲ၊ မိဘတွေကို တစ်နှစ် ဘယ်နှစ်စုံ အဝတ်အထည် ဝယ်ပေးကြသလဲပြောကြပါဦး။

ငယ်တုန်းကတော့ ဝယ်ပေးတာတွေဝတ်၊ လိုချင်တာတွေ ဝယ်ခိုင်းခဲ့ပြီး အခု တစ်နှစ်ကို တစ်စုံမှ ဝယ်မပေးကြရင် ကျေးဇူးဆပ်တယ်၊ ကျေးဇူးသိတယ်လို့ ခေါ်နိုင်ပါဦးမလား။

ဟင်-ဝယ်ပေးပါတယ်၊ ဟုတ်လား၊ ဘယ်နှစ်စုံလဲ ပြောပါဦး၊ နှစ်ထည်၊ ဟုတ်တယ်လေ၊ သင်္ကြန်နှစ်ဆန်း တစ်ရက်ကန်တော့ဖို့ တစ်ထည်၊ နောက် သီတင်းကျွတ် တစ်ထည်၊ ပေါင်းနှစ်ထည်ပေါ့။ နှစ်ဆန်းတစ်ရက်က အညိုရောင်ထဘီဆိုရင် သီတင်းကျွတ်တော့ အဖြူရောင်အင်္ကျီ၊ တစ်ခါကို တစ်စုံတောင် ဝယ်မပေးကြပါဘူး။

ဝယ်ပေးကြတယ် ဆိုရင်တော့ တော်သေးတာပေါ့။ တစ်စုံဖြစ်ဖြစ်၊ တစ်ထည်ဖြစ်ဖြစ် တချို့ဆိုရင် တစ်ခါမှကို ဝယ်မပေးဖူးတဲ့သူတွေ ရှိကြပါသေးတယ်။

မိဘတွေရဲ့မေတ္တာကြီးမားသလောက် ကိုယ်ကပြန်ပြီး ကျေးဇူးဆပ်တဲ့အားတွေ၊ ကျေးဇူးသိတတ်မှု အားတွေဟာ ဘယ်လောက် နိမ့်ကျနေသလဲဆိုတာ သတိရစေချင်ပါတယ်။

မိဘတွေဟာ သားသမီးကများ အဝတ်အထည် ဝယ်ပေးထားလို့ကတော့ တရားပွဲမှာရော၊ အလှူမှာရော၊ ဥပုသ်စောင့်ရင်းရော ပြောလို့မပြီးတော့ပါဘူး၊ ဘယ်လောက် ဝမ်းသာနေကြတယ်ဆိုတာ ကြားဖူး၊ ကြုံဖူးကြမှာပါ။

တချို့က ပြောကြသေးတယ်၊ "အမေ့မှာ၊ အဖေ့မှာ အဝတ်တွေအများကြီးပဲ၊ ထပ်ဝယ်လည်းအပိုပဲ"တဲ့။

ကိုယ်မဝယ်ချင်တာတော့ ထည့်မပြောဘူး၊ အမှန်က ဝတ်တာမဝတ်တာ သုံးတာမသုံးတာ ခဏထား၊ သားသမီးက ဝယ်ပေးတာဆိုရင် မျက်နှာသုတ်ပဝါလေးဖြစ်ပါစေ မြကမ္ဘလာထင်တော့တာပါပဲ။

ဒါက ဝတ်ရေးနဲ့ပတ်သက်ပြီး ပြောခဲ့တာ၊ ကဲ နေရေးပြောကြဦးစို့၊ သားအိမ်လိုက်နေတဲ့ မိဘဟာ ချွေးမမျက်နှာကိုကြည့်ပြီးနေရတယ်၊ သမီးအိမ်လိုက်နေတဲ့ မိဘဟာ သမက်မရှိမှ အသက်ဝဝရှူရဲတယ်ဆိုတဲ့ မိဘတွေက အများကြီးပါပဲ။

ဘယ်သား၊ ဘယ်သမီးဆီမှ လိုက်မနေပါဘူး၊ ကိုယ့်အိမ်မှာပဲ ကိုယ်နေတဲ့မိဘတွေ ရှိကြပါတယ်။ အဲဒီတော့ အတူနေသားသမီးတွေဆိုတာလည်း ရှိတတ်ကြပါတယ်။ ကိုယ့်အိမ်မှာကိုယ်နေပေမယ့် စောစောက ပြောခဲ့သလို အသက်ပြင်းပြင်း မရှူရဲတဲ့သူတွေ အများကြီးပါ။

"အဖေကလည်းဗျာ၊ အမေကလည်းဗျာ၊ ဩ့သည်တွေနဲ့ စကားပြောနေရင် ထွက်မလာပါနဲ့ ပြောထားရဲ့သားနဲ့၊ အဲဒါကြောင့် ခက်တာပေါ့။ အလိုက်ကန်းဆိုးမသိဘူးလို့ ပြောရင်လည်း ကျွန်တော်တို့ပဲ အပြစ်ရဦးမယ်"တဲ့ ပြောတတ်ကြတယ်။

မိဘကျေးဇူးမသိတတ်လို့ ကိုယ့်ဘာသာပြောချင်တိုင်း ပြောနေတာကိုလည်း ကိုယ့်အပြစ် မိဘအပြစ် လုပ်တတ်ကြသေးတယ်။

"အစ်ကိုရေ-အိမ်ခွဲစို့၊ အစ်ကို့အမေတို့က ဒီအိမ်က သူတို့အိမ်မှန်းသိပါတယ်၊ မဏ္ဍပ်တိုင် တက်ပြနေလိုက်ကြတာ။ အတူနေလို့ ဖြစ်မယ်မထင်တော့ဘူး၊ အိမ်ခွဲကြစို့"လို့ မကြားတကြား ပြောတာတွေဟာ မိဘမေတ္တာကို ဘယ်လောက်အထိ စော်ကားရာရောက်သလဲ။

အဓိကကတော့ မိဘတွေရဲ့ ကျေးဇူးကို မဆပ်သေးရင်နေပါဦး၊ ကျေးဇူးတော့ သိလိုက်ကြစမ်းပါ။ တကယ်လို့ မိဘကျေးဇူးကို မသိသေးရင်တောင် ကျေးဇူးမကန်းမိကြဖို့ပါပဲ။

**နေ**(အမှာက်)- လူ့ဘုံလူ့နန်း၊ လူ့စခန်းဝယ်၊ ခမ်းနားထည်ဝါ၊ နေခဲ့ကြရပါသော၊ မိဘနှစ်ပါး၊ တို့အများ၏။

**ကုလဝံသော-** ဘိုးဘေးဘီဘင်၊ ဆွေစဉ်မျိုးဖက်၊ အဆက်ဆက်သည် လည်း။

**စိရံ တိဋ္ဌေ**(စိရံ တိဋ္ဌေယျ) - အသရေတင့်၊ အခြေမြင့်လျက်၊ မလင့်ပုံသေ၊ ရှည်မြင့်စွာ၊ တည်တံ့လေရာသတည်း။

လူ့ဘုံလူ့နန်း၊ လူ့စခန်းဝယ်၊ ခမ်းနားထည်ဝါ၊ နေခဲ့ကြရပါသော၊ မိဘနှစ်ပါး၊ တို့အများ၏။ ဘိုးဘေးဘီဘင်၊ ဆွေစဉ်မျိုးဆက်၊ အဆက်ဆက်သည်လည်း၊ အသရေတင့် အခြေမြင့်လျက်၊ မလင့်ပုံသေ၊ ရှည်မြင့်စွာ၊ တည်တံ့လေရာသတည်းတဲ့။



ဒါကတော့ မိဘတွေရဲ့ တတိယမြောက် မျှော်လင့်ချက်ပါပဲ။ တို့ရဲ့မျိုးရိုးကို တို့သားသမီးတွေက၊ မြေးမြစ်တွေကရော ပေါ့လေ စောင့်ရှောက်ကြလိမ့်မယ်လို့ မျှော်လင့်ကြတာပါ။

ဟုတ်ပါတယ်၊ အဖေက ဘုရားဒါယကာဆိုရင် သားကိုလည်း ဘုရားဒါယကာ ဖြစ်စေချင်တာပေါ့။ အမေက ရဟန်းအမဆိုလည်း သမီးကို ရဟန်းအမ ဖြစ်စေချင်တာပေါ့။

ရပ်ထဲရွာထဲမှာ ခေါင်းပေါင်းစတလူလူနဲ့ တစ်ရွာလုံးက လေးစားခံရတဲ့ မိဘတွေဟာ သားသမီးတွေလက်ထက်မှာလည်း အလေးစားခံရတဲ့သူတွေ ဖြစ်စေချင်ကြတာပါပဲ။

ဒါကြောင့်လည်း မိဘတွေဟာ သားသမီးတွေ အရွယ်ငယ်စဉ်ကတည်းက ရဟန်းသံဃာတွေကို ဖူးတွေ့ရရင် "ပိုင့်ပိုင်၊ ပိုင့်ပိုင်"၊ "ကန်တော့၊ ကန်တော့"၊ "ဩကာ၊ ဩကာ" ဆိုပြီးတော့ ရှိခိုးတတ်အောင် သင်ပေးတတ်ကြပါတယ်။

ဆွမ်းခံတန်း သံဃာတော်တွေ ကြွလာရင်၊ အိမ်မှာ ဆွမ်းခံကြွလာရင် မိဘတွေက ဆွမ်းလောင်းတဲ့ ကုသိုလ် အထုံပါသွားရအောင် သားသမီးတွေကို ရှေ့ကသင်ပြပေးလေ့ရှိကြပါတယ်။

ရပ်ထဲရွာထဲ သာရေးနာရေးကို လက်မနှေးဘဲ ကူညီတတ်ကြတဲ့ မိဘတွေဟာ သားသမီးတွေကို သင့်တော်သလို သာရေးနာရေး လူမှုရေးတွေကို သွားကြလာကြဖို့ စီစဉ်ပေးကြပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အသံတိတ်နဲ့ ကျိတ်ငိုသည်စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု ဝတ်စားဆင်ရာယဉ်ကျေးမှု(၈)

ဦးမင်းဟန်(ဘီအေ)

"မောင်ထူးရယ် နင့်ဆီက အနံ့ရနေတယ်။ ရေကော ချိုးလာရဲ့လားဟာ"

"ဟဲ့- ငါရေချိုးလာပါတယ်"

"နင်ရေချိုးလာတယ်သာပြောတာ၊ အနံ့ကတော့ ဟောင်နေတာပဲ။ ဟုတ်တယ်နော် ကိုဦး"

ပူစူးမက ကိုဦးကိုပါထည့်ပြောလိုက်သောအခါ ကိုဦးက နှာခေါင်းရှုံ့ပြသည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောလိုက်သည်။

"ပူစူးမရေ- မောင်ထူးက ရေချိုးလာတာတော့ ဟုတ်လောက်ပါတယ်။ ဒါပေမဲ့ သူဝတ်လာတဲ့ အဝတ်က နံနေတာဖြစ်နိုင်တယ်"

"အဲဒါပြောတာပေါ့။ မောင်ထူးက ညစ်ပတ်ပါတယ်လို့"

"ဒီလောက်တောင် နံနေလို့လား ကိုဦးရာ၊ နံရင်တောင် နည်းနည်းပဲနံမယ်လို့ပဲထင်တာ၊ ငါက အဲဒီလောက်နံမယ်မထင်လို့ ဝတ်လာတာပါဟာ ဟဲဟဲ"

မောင်ထူးက ရယ်ကျဲကျဲဖြင့် ရှိုးသားပွင့်လင်းစွာ ပြောလိုက်ရာ ပူစူးမရော ကိုဦးပါ ပြုံးစိစိဖြစ်သွားရသည်။ "မြေးတို့ ဘာတွေများ ပြောနေကြတာလဲ၊ ဆိုပါဦးကွယ်" "မောင်ထူးပေါ့ ဘိုးလေးရာ" "ဟေ- မောင်ထူးတစ်ယောက် ဘာများဖြစ်လို့လဲ"

ဘိုးလေးကြွက်အပါးသို့ ရောက်လာကြသော မောင်ထူးတို့ သုံးဦးကို ဘိုးလေးကြွက်ကလှမ်းမေးရာ ပြန်ဖြေလိုက်သည့် ပူစူးမ၏အဖြေစကားကို နားမရှင်းသဖြင့် ဘိုးလေးကြွက်က ထပ်မေးလိုက်ခြင်းဖြစ်သည်။

"သမီးပဲပြောပါ့မယ်၊ မောင်ထူးတစ်ယောက်ပေါ့၊ ဒီနေ့ဝတ်လာတဲ့ အဝတ်အစားတွေက နံစော်နေလို့ ပြောနေကြတာ ဘိုးလေးရေ"

"ဟေ- ဟုတ်လား။ ဘယ်လို နံစော်နေတာလဲ။ ရေမွှေးနံ့များလား" ဘိုးလေးကြွက်၏စကားကြောင့် မောင်ထူးတို့သုံးဦးမှာ အသံထွက်သည်အထိ ရယ်လိုက်ကြသည်။

"နို့- ဘာလို့ရယ်ကြတာလဲ။ ဘိုးလေးပြောတာတွေက မှန်နေလို့လား" "မဟုတ်ပါဘူး ဘိုးလေးရယ်။ မောင်ထူးရဲ့ အဝတ်အစားတွေက ချဉ်စုပ်တဲ့အနံ့ နံစော်နေလို့ ပြောနေကြတာပါ"

"ဩော်- ဒီလိုလား" "မြေးလည်း အဲလောက်ကြီး နံစော်နေလိမ့်မယ်မထင်လို့ ဝတ်လာမိတာပါ ဘိုးလေးရေ" "နို့- နေပါဦးမောင်ထူးရဲ့၊ မြေးကကော ကိုယ့်ဘာသာတော့ မနံဘူးပေါ့ဟုတ်လား" "မနံပါဘူး ဘိုးလေး။ ပူစူးမကသာ နံစော်နေတယ်လို့ ပြောနေတာပါ။ မြေးကတော့ လုံးဝကို မနံပါဘူး"

"နင်က ကိုယ့်ဟာကိုယ်တော့ ဘယ်နံပါ့မလဲဟဲ့။ ဘေးလူတွေက နံတာ။ တစ်ချက်တစ်ချက်ဆိုရင် ပိုဆိုးသေး။ အနံ့က ချဉ်စုပ်စုပ်နဲ့ ဟင်း ဟင်း"

ပူစူးမက ကတ်ကတ်လန်အောင်ရန်တွေ့ရင်း မဲ့ကာရွဲ့ကာပြောသည်။

"အေးပါကွယ်၊ ဒီလိုလုပ်ပေါ့။ မောင်ထူးက လေတင်မှာမနေနဲ့။ လေအောက်ဘက်မှာ သွားနေလိုက်"

ဘိုးလေးကြွက်က အခြေအနေကို ထိန်းကာ မောင်ထူးအား လေအောက်ဘက်တွင်ထိုင်ရန် နေရာပေးလိုက်သည်။

"ဟူး- တော်ပါသေးရဲ့ ဘိုးလေးရယ်။ ခုမှ အနံ့က သက်သာသွားတယ်။ စောစောကဆိုရင် အန်တောင် အန်ချင်လာတာ"

"ဝတ်စားဆင်ယဉ်ကျေးမှုဆိုတာ အဲဒါပဲကွယ့်။ ကိုယ်ကတော့ မသိလိုက်ပေမယ့် ပတ်ဝန်းကျင်က သိနေတယ်။ ကိုယ်ကိုယ်တိုင်ကမနံပေမယ့် ပတ်ဝန်းကျင်က နံစော်နေတာကို သိနေ၊ ခံစားနေရတဲ့အခါ သူများနှာခေါင်းရှုံ့တာခံရတာပေါ့။ ခုပဲကြည့်လေ၊ မြေးတို့က လူရင်းတွေဖြစ်နေလို့ တော်သေးတာ"

"ဟုတ်ကဲ့၊ နောက်ဆို ဆင်ခြင်ပါ့မယ် ဘိုးလေး"

"ကိုယ့်အပြစ်ကိုသိတာတော့ ကောင်းတာပေါ့ မောင်ထူးရာ။ နောက်ဆိုရင် ဝတ်စားဆင်ယင်တဲ့အခါ သတိထားပေါ့။ ဟောင်းချင်ဟောင်းနေပါစေ သန့်ရှင်းရင် တော်ပါပြီ။ အဝတ်တွေကိုလည်း လျှော်ဖွပ်သန့်ရှင်းပြီးမှ ဝတ်ပေါ့။ မီးပူမတိုက်နိုင်ရင်တောင် လျှော်ဖွပ်ပြီးသားကိုခေါက်ထားရင်တောင် ဝတ်ရတာ အဆင်ပြေပါတယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

တစ်ဆက်တည်းပြောရဦးမယ်၊ အဝတ်ကို သန့်ရှင်းသပ်ရပ်အောင် ဝတ်ဆင်တာဟာ ကျန်းမာရေးနဲ့လည်း ညီညွတ်တဲ့အပြင် တစ်ကိုယ်ရေသန့်ရှင်းမှုလည်းဖြစ်တယ်။ ပြီးတော့ စက်ဘီးတို့ ဆိုင်ကယ်တို့ စီးတဲ့အခါ ပြီးပြီးရော ဝတ်ဆင်တာမျိုးမလုပ်သင့်ဘူး။ ကားမောင်းတာဆိုရင် ပိုတောင်လိုအပ်ပြန်ရော။ စွပ်ကျယ်လက်ပြတ်ဝတ်ပြီး ကားမမောင်းရဘူး၊ ယာဉ်စည်းကမ်းနဲ့ မညီဘူးပေါ့။ စွပ်ကျယ်လက်ပြတ်ဝတ်ပြီး ကားမောင်းလို့ သက်ဆိုင်ရာကတွေ့ရင် အရေးယူခံရနိုင်တယ်လို့ ဘိုးလေး ရန်ကုန်ကိုရောက်တုန်းက တက္ကစီယာဉ်မောင်းတစ်ဦးက ပြောဖူးတယ်ကွယ့်"

"ဟုတ်ကဲ့ ဘိုးလေး။ မြေးတို့ မှတ်သားလိုက်နာကြပါ့မယ်" "သာဓုကွယ်၊ သာဓု၊ သာဓု"

# အောင်ခြင်းရှစ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**သစ္စကပရိဗိုဇ်ကိုအောင်မြင်ခြင်း**

"အရှင်ဂေါတမ ပြဿနာတစ်ခုတော့ မေးခွင့်ပြုမယ်ဆိုရင် မေးချင်ပါတယ်"

"အဂ္ဂိဝေဿန သင်မေးလိုတာကို မေးနိုင်တယ်။ မေးလော့"

"အရှင်ဂေါတမရဲ့ တပည့်များကို ဘယ်လိုများ ဆုံးမပါသလဲ"

"သင့်ကို ငါ့သားတော် အဿဇိ ပြောပြီးပြီမဟုတ်ပါလော"

အဿဇိအရှင်မြတ် ဟူသည်မှာ ပဉ္စဝဂ္ဂီငါးဦးတို့တွင် အပါအဝင်ဖြစ်သော အရှင်သူမြတ်ဖြစ်သည်။ အဿဇိ အရှင်မြတ် ဆွမ်းခံကြွလာစဉ် သစ္စက၏ မေးမြန်းလျှောက်ထားမှုကို ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ဘဂဝါ၊ ငါတို့မြတ်စွာ စောသတ္တာသည်၊ ဘိက္ခုဝေ ချစ်သားရဟန်းတို့ ရုပ်တရားသည်မမြဲ။ ဝေဒနာတရားသည် မမြဲ။ သညာတရားလည်း မမြဲ။ သင်္ခါရတရားတို့လည်း မမြဲကြ။ ဝိညာဏ်တရားလည်း မမြဲ။ ရဟန်းတို့ ရုပ်တရားဟူသည် အတ္တမဟုတ်။ ဝေဒနာတရားလည်း အတ္တမဟုတ်။ သညာတရားလည်း အတ္တမဟုတ်။ သင်္ခါရတရားတို့လည်း အတ္တမဟုတ်။ ဝိညာဏ်တရားလည်း အတ္တမဟုတ်။ ခပ်သိမ်းသောတရားမှန်သမျှ အမြဲမရှိ။ အနိစ္စတရားပဲ။ အစိုးမရ အနတ္တတရားပဲလို့ ဆုံးမပြီး ဩဝါဒပေးတော်မူတယ်။"

ယင်းကဲ့သို့ ရှင်းလင်းဖြေဆိုခဲ့သည်ကို မြတ်စွာဘုရားက သစ္စကကို ပြန်လည်ကြားယောင်စေလိုက်ခြင်းဖြစ်သည်။

"ကောင်းပါပြီ။ ဒီလိုဖြစ်ရင် ဥပမာတစ်ခုနဲ့တင်ပြပြီးပြောလိုပါတယ် အရှင်ဂေါတမ" "သင်ထင်မြင်တဲ့ ဥပမာကို ပြောလော့" မြတ်စွာဘုရားရှင်ကိုယ်တော်က ပြောခွင့်ပေးလိုက်ရာ သစ္စကက စတင်ပြောလေတော့သည်။

"မျိုးစေ့မှန်သမျှဟာ မြေကိုပဲအမှီပြုပြီး ကြီးထွားကြရတယ်။ အလုပ်သမား၊ လယ်သမား၊ ကာယလုပ်သားများလည်း မြေပေါ်မှာပဲ အမှီသဟဲပြုပြီး ဆောင်ရွက်ကြရတယ်။ ဒီနည်းတူပဲ ရုပ်တရားကိုတောင် အတ္တလို့ခေါ်တဲ့ ယောကျ်ား၊ မိန်းမဟာလည်း ရုပ်ကိုအမှီသဟဲပြုပြီးမှပဲ ကောင်းမှု၊ မကောင်းမှု ဖြစ်ရပါတယ်။ ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်စီရင်မှု၊ အထူးသိမှု ဝိညာဏ်တရားများဟာလည်း သတ္တဝါ၊ ပုဂ္ဂိုလ်ကိုပဲ အမှီသဟဲပြုပြီးတော့ ကောင်းမှု၊ မကောင်းမှုဖြစ်ရပါတယ်"

"အဂ္ဂိဝေဿန၊ ဒါဖြင့်ရင် ရုပ်သည် ငါ့ရဲ့အတ္တ၊ ခံစားခြင်းသည် ငါ့ရဲ့အတ္တ၊ မှတ်သားခြင်းသည် ငါ့ရဲ့အတ္တ၊ ပြုပြင်စီရင်မှုသည် ငါ့ရဲ့အတ္တ၊ အထူးသိမှုဝိညာဏ်သည် ငါ့ရဲ့အတ္တလို့ သင်ယူလက်ခံထားတယ်ပေါ့"

"မှန်ပါ့။ အရှင်ဂေါတမ၊ အကျွန်ုပ်လည်း အဲသည်လိုပဲယူဆတယ်။ ဟောဒီ မြောက်မြားလှစွာသော ပရိသတ်ကြီးကလည်း အဲလိုပဲ ယူဆကြပါတယ်"

"အဂ္ဂိဝေဿန ပရိသတ်ကိုဆွဲမထည့်ပါနဲ့၊ ကိုယ့်ဝါဒကိုပဲ ဖြေရှင်းပါ"

ဂေါတမဗုဒ္ဓမြတ်စွာဘုရားက သစ္စက၏ စကားပြောနည်းဗျူဟာအရ ပရိသတ်ကို အားပြုလိုက်ခြင်းအား သိတော်မူသဖြင့် ချက်ချင်းပင်ဟန့်တားတောင်းဆိုလိုက်ခြင်းဖြစ်သည်။

"ငါ့ရုပ်သည် ငါ့ရဲ့အတ္တ၊ ငါ့ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ဟာလည်း ငါ့ရဲ့အတ္တပါပဲ"

"ကောင်းပြီ။ အဂ္ဂိဝေဿန၊ သင်ဒီလို ဝန်ခံရင် ငါမေးမယ်။ သင်နှစ်သက်သလို ဖြေနိုင်တယ်။ ပသေနဒီ ကောသလမင်း၊ အဇာတသတ်မင်းတို့ဟာ ရာဇဝတ်မှုကျူးလွန်သူကို နှင်သင့်ကနှင်မယ်၊ သတ်သင့်က သတ်မယ်။ ဒီဥပဒေအမိန့်ကို ထုတ်နိုင်သလား"

"ထုတ်နိုင်ပါတယ် အရှင်ဂေါတမ။ ဒီအစည်းအဝေးမှာ ပါကြတဲ့ မင်းများတောင် ဥပဒေပြု အာဏာရှိကြပါတယ်။ ပသေနဒီနှင့် ဝေဒိဟီမိဖုရားတို့ရဲ့သား အဇာတသတ်တို့ဟာ ပြောဖို့ပင်မလိုပါ"

"အဂ္ဂိဝေဿန၊ ငါမေးမှာကို ဘယ်လိုများထင်သလဲ။ သင်က ရုပ်ဟာ ငါ့ရဲ့အတ္တလို့ ယူဆတယ်။ အဲဒီအတိုင်းဆိုရင် ဤရုပ်သည် မအိုပါစေနဲ့၊ နုနုပျိုပျိုလေး ဖြစ်ပါစေလို့ အမိန့်ပေးပြီး ဥပဒေထုတ်နိုင်သလား"

သစ္စကမှာ မဖြေနိုင်ဘဲ ငိုင်နေတော့သည်။ မြတ်စွာဘုရားက နှစ်ကြိမ်မြောက်မေးသည့်တိုင် မဖြေနိုင်ဘဲ ငြိမ်ပြီး ပေကပ်နေသည်။

"အဂ္ဂိဝေဿန ယခုအချိန်ဟာ နှုတ်ဆိတ်နေရမယ့် အချိန်မဟုတ်ပေဘူး။ ဖြေပါ၊ သုံးကြိမ်သုံးခါမေးလျက်နဲ့ မဖြေရင် သင့်ဦးခေါင်းရှစ်စိတ်ကွဲသွားမယ်"

သိကြားမင်းက သံဝရဇိန်လက်နက်ကို ကိုင်လာကာ ခြိမ်းခြောက်လိုက်သည်။ ဘုရားအမှူးရှိသော ပရိသတ်နှင့် မင်းပရိသတ်တို့အား ဆိတ်ဆိတ်နေခြင်းဖြင့် ညှဉ်းဆဲနေခြင်းကြောင့် သစ္စကအား သိကြားမင်းက ခြိမ်းခြောက်ခြင်းဖြစ်ရာ ယင်းကို ဘုရားနှင့် သစ္စကတို့နှစ်ဦးသာ သိကြလေသည်။ သစ္စကမှာ ကြောက်လန့်ပြီး ဘုရားအနားသို့ တိုးကပ်ကာ "ဘုရားအား ကိုးကွယ်ပါတယ်"ဟု ပြောရရှာလေသည်။ သစ္စက၏ အယူဝါဒဆိုးကြီးကို ပြေပျောက်ပြီး မာန်စွယ်ကျသည်အထိ မြတ်စွာဘုရားက မေးမြန်းတော်မူသည်။ အတ္တဝါဒ၏မှားယွင်းမှုကို ထင်ရှားစွာ လက်ခံလာအောင် ပြောပြတော်မူသည်။ ရှင်းလင်းပြတော်မူသည်။

အဂ္ဂိဝေဿန–အနှစ်ရှာတဲ့ယောကျ်ားတစ်ယောက်ဟာ တောထဲကို အနှစ်သွားရှာတယ်။ ငှက်ပျောတစ်ပင်တွေ့တော့ အခွံကိုခွာတယ်။ အဖတ်တွေခွာတယ်။ ကုန်သာသွားတယ်၊ အနှစ်ရယ်လို့ ဘာမှမတွေ့ရဘူး၊ သင့်အယူဝါဒဟာလည်း ဒီအတိုင်းပဲ ဘာမှအနှစ်သာရမရှိဘူး။ အဂ္ဂိဝေဿန၊ ဝေသာလီပြည်မှာ သင်ပြောခဲ့တဲ့ စကားတွေ အာရုံပြုကြည့်စမ်း၊ ကျောက်ဆစ်ရုပ်၊ သစ်သားတုံးကိုတောင် လှုပ်ရှားသွားအောင် ပြောနိုင်တယ်ဆို။ တစ်ဖက်လူဟာ ဘုရားလို့ ဝန်ခံတဲ့ ပုဂ္ဂိုလ်ဖြစ်ရင်တောင် ချွေးဒီးဒီးကျအောင် ပြောနိုင်တယ်ဆို။ ခုဘယ်သူ့နဖူးက ချွေးကျနေသလဲ၊ သင့်မှာ ချွေးတွေရွှဲနစ်နေတာပဲ။ ကိုယ်ရုံကိုဖောက်ပြီး မြေကြီးပေါ်တောင် စိုရွှဲနေပါပြီ။ ငါဘုရားမှာ ချွေးတစ်စက်မှ မထွက်ပါဘူး"

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူပြီး ကိုယ်တော်မြတ်၏ ရူပကာယတော်ကို ပရိသတ်မြင်သာအောင် သင်္ကန်းကိုဖယ်ရှားပြီး ပြတော်မူလေသည်။ မင်းပရိသတ်တစ်ထောင်ကျော်က ရွှေရောင်တဝင်းဝင်းနှင့် ဝါဝင်းသော ရွှေကိုယ်တော်ကို ဖူးမြင်ကြရသည်။

သစ္စကမှာ ရှက်သဖြင့် ခေါင်းငုံ့ထားရသည်။ ကျုံ့ကျုံ့ယုံ့ယုံ့ခွေနေလေတော့သည်။

ဗုဒ္ဓ၏အနတ္တဝါဒကို သစ္စက လက်ခံခဲ့ပြီး နှစ်သက်သဘောပေါက်ခဲ့ပြီဖြစ်သည်။ အယူဝါဒအတ္တဒိဋ္ဌိ တရားဆိုးဖြင့် မြတ်စွာဘုရားအားပြောဆိုခြင်း၊ နှိပ်စက်ခြင်းမရသည်ကို သိရှိခဲ့ပြီးဖြစ်လေသည်။ ဗုဒ္ဓဂုဏ်တော် ကျေးဇူးတော်များကို သိမြင်ယုံကြည်ခဲ့ပြီဖြစ်ပေသည်။

ဤသည်မှာ မြတ်စွာဘုရားက ဒိဋ္ဌိဝါဒစွဲ သစ္စကပရိဗိုဇ်ကို အောင်မြင်ခြင်းပင်ဖြစ်ပေတော့သည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာ မင်္ဂလာ

**ဆွေမျိုးတို့ကိုထောက်ပံ့ရမယ်**

ညာတကာနဉ္စသင်္ဂဟော။

"ဆွေမျိုးများကို ပေးကမ်းထောက်ပံ့ခြင်း၊ အဆွေအမျိုးတို့ကို ကူညီထောက်ပံ့ရခြင်း၊ ဆွေမျိုးတို့ကို ထောက်ပံ့ရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။

၃၈–ဖြာ မင်္ဂလာကဗျာတွေရဲ့ ပဉ္စမမြောက်ကဗျာဖြစ်တဲ့ "လိုက်နာကျင့်သုံးရေးမင်္ဂလာလေးပါး" ထဲက နံပါတ်သုံး မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပဲပေါ့။

ဟိုး..ရှေးလွန်လေပြီးသောအခါက...။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးအုပ်ချုပ်စိုးစံနေစဉ် ကာလကပေါ့ကွယ်။ ဘုရားအလောင်းတော် မျောက်မင်းဟာ မျောက်အပေါင်းခြောက်သောင်းကိုခြံရံကာ ဟိမဝန္တာမှာနေနေသတဲ့။

"အလို သရက်သီးကြီးတစ်လုံးပါလား။ ကြီးမားလှပေတကား"

ဂင်္ဂါမြစ်အတွင်း ရေသဘင်ပွဲကျင်းပရာ ကာရံထားတဲ့ပိုက်ကွန်တို့မှာ သရက်သီးကြီးတစ်လုံး ငြိကပ်လာလို့ တွေ့မြင်ရသူအပေါင်းက အံ့အားတသင့်ဖြစ်ကြရတာဖြစ်တယ်။

ဖြစ်စဉ်မှာ ဘုရားအလောင်းမျောက်မင်းဟာ ဂင်္ဂါမြစ်ကမ်းနဖူးက အမ္ဗဝနအမည်ရှိတဲ့ သရက်ပင်မှာ ဆွေမျိုးမျောက်အပေါင်းနဲ့အတူ သွားရောက်ပြီး ပျားမွဲအရသာနဲ့တူတဲ့ သရက်သီးတို့ကို စားသုံးနေကြသတဲ့။ တစ်နေ့မှာတော့ သရက်သီးတစ်လုံးဟာ ဂင်္ဂါမြစ်ထဲကိုကျသွားလို့ ရေသဘင်ပွဲရဲ့ပိုက်ကွန်မှာ ငြိသွားရတာဖြစ်တယ်။

"ဘယ်အရပ်ဘယ်ဌာနေက အဘယ်အသီးပါလဲ မင်းကြီးများ"

ရေမျောလာတဲ့သရက်သီးကြီးကို မင်းကြီးအားဆက်သရာ အစိတ်စိတ်ခွဲကာ မင်းနှင့် မှူးမတ်တို့ပါစားသုံးကြရာ အရသာရှိလှလို့ မင်းကြီးကသိလိုပြီး မေးမြန်းလိုက်တာဖြစ်တယ်။ ရုတ်တရက် ဘယ်သူမျှ မသိကြလေတော့ သိနိုင်မယ့်သူအား ထပ်ဆင့်မေးမြန်းကြရာ တောမုဆိုးသာသိနိုင်မှာဖြစ်ကြောင်း လျှောက်ထားကြလို့ တောမုဆိုးကိုခေါ်ယူမေးမြန်းတဲ့အခါ မုဆိုးကအကြောင်းစုံလျှောက်ထားတော့တယ်။




မင်းကြီးဟာ မုဆိုးရဲ့လမ်းညွှန်မှုနဲ့ ဂင်္ဂါမြစ်ညာဘက် သရက်ပင်ရှိရာသို့ ဆန်တက်ကာ သရက်ပင်ကို ရှာဖွေရာ၊ ညချမ်းအချိန်မှာ သရက်ပင်ရှိရာသို့ရောက်ရှိပြီး သရက်ပင်ကိုဝိုင်းရံ တပ်စခန်းချထားလိုက်လေတယ်။

"အင်း–ရန်ပြုမယ့်သူတွေဖြစ်နိုင်တယ်။ ဆိတ်ငြိမ်စွာနေကြပေတော့ အမျိုးတို့"

ဘုရားအလောင်းမျောက်မင်းက ဆွေမျိုးမျောက်အပေါင်းကို သတိပေးကာ ပိတ်မိနေတဲ့ အမျိုးတို့ကို အသက်နဲ့လဲပြီး ကယ်ဆယ်ရန် ကြံစည်တော့တယ်။ မျောက်မင်းကအကြံရကာ ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ခုန်ကူးလိုက်တယ်။ နွယ်ကြိုးကိုဖြတ်ပြီး တစ်စကိုသစ်ပင်မှာချည်၊ တစ်စကို မိမိခါးမှာချည်လိုက်တယ်။ အဲဒီနောက်သစ်ပင်ရှိရာသို့ ပြန်ခုန်ခဲ့ရာ နွယ်ကြိုးကတိုနေတာကြောင့် သရက်ကိုင်းကို ကိုင်မိရုံသာ ရှိလေတယ်။

"အမျိုးတို့ ငါရဲ့ကျောပေါ်မှနင်းကာ ဘေးလွတ်ရာသို့ ပြေးကြကုန်လော့"

ဘုရားအလောင်းတော် မျောက်မင်းကမိန့်ကြားလေရာ မျောက်အပေါင်းတို့က မျောက်မင်းအား ရှိခိုးဦးချကာ တစ်ဖက်ကမ်းသို့ ကူးကြတာပေါ့ကွယ်။ အဲဒီအချိန်မှာ ဒေဝဒတ်လောင်းမျောက်တစ်ကောင်ဟာ ဘုရားအလောင်းကို အမုန်းစိတ်နဲ့ အမြင့်ကနေတအားခုန်ချကာ ဦးခေါင်းနဲ့ကျောတို့ကို ကန်ကျောက်ခုန်ပေါက်ပြီး တစ်ဖက်ကမ်းသို့ ကူးပြေးလေတယ်။ ဘုရားအလောင်းတော် မျောက်မင်းခမျာ နှလုံးကွဲကာ သွေးစိမ်းအန်ရတော့တယ်။ ဆွေမျိုးမျောက်အပေါင်းတို့ တစ်ဖက်ကမ်းသို့ကူးပြီးချိန်မှာ မိုးလည်းစင်စင်လင်းပြီပေါ့ကွယ်။

"မေတ္တာတရားကြီးမားတဲ့ မျောက်မင်းပေပဲ၊ ကရုဏာကြီးလွန်းလှပါပေတယ်"

မင်းကြီးဟာ ဘုရားအလောင်းမျောက်မင်းရဲ့ လုပ်ဆောင်မှုတွေကို မြင်တွေ့လိုက်ရတဲ့အခါ အသံထွက် ရေရွတ်မိတဲ့အထိ မုဒိတာပွားများမိတော့တယ်။ အဲဒီနောက်မှာ မျောက်မင်းအားသစ်ပင်ပေါ်မှချစေပြီး ဆီလိမ်းကာ နှိပ်နယ်ပေးလေတယ်။

"ဆွေမျိုးအပေါင်းနဲ့ တိုင်းပြည်ကိုစောင့်ရှောက်တော်မူပါ၊ တိုင်းသူပြည်သားတို့ကို မေတ္တာနဲ့အုပ်ချုပ်ပါ၊ အမျိုးကိုစောင့်ရှောက်ထောက်ပံ့ပါ အရှင်မင်းကြီး"

ဘုရားအလောင်းတော်မျောက်မင်းဟာ မင်းကြီးကို တရားဟောပြီး သေဆုံးခဲ့လေရာ နတ်ပြည်မှာ နတ်သားဖြစ်သွားတော့သတဲ့။ မင်းကြီးကလည်း ဘုရားအလောင်းမျောက်မင်းရဲ့ အရိုးကိုယူဆောင်ကာ စေတီတည်ထားကိုးကွယ်မှုပြုတာကြောင့် တစ်တိုင်းပြည်လုံးချမ်းသာခြင်းသို့ ရောက်ရှိတော့သတဲ့ကွယ်။

ညာတကာနဉ္စသင်္ဂဟော။ "ဆွေမျိုးများကို ပေးကမ်းထောက်ပံ့ခြင်း၊ အဆွေအမျိုးတို့ကို ကူညီထောက်ပံ့ရခြင်း၊ ဆွေမျိုးတို့ကို ထောက်ပံ့ရမယ်"ဆိုတဲ့ အဓိပ္ပာယ်ကိုဖော်ဆောင်တဲ့ နိပါတ်တော်လာ မှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "လိုက်နာကျင့်သုံးရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၀၀,၅၆၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၁၆၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၁၂၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ https://moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၁၇) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၄) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၂) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၄၉) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၀၂) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၂၂၁) ခု | (၇) ဦး |
| **စုစုပေါင်း** | **(၈,၀၈၇) ခု** | **(၂၄) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၃၅၇၆၀၇ | ၈၁၃၂၇၁၃၁ | ၁၀၂၆၈၉၉ |
| ၂။ | အိန္ဒိယ | ၄၃၁၂၅၃၇၀ | ၄၂၅၈၄၇၁၀ | ၅၂၄၂၆၀ |
| ၃။ | ဘရာဇီး | ၃၀၇၀၁၉၀၀ | ၂၉၇၂၄၆၈၂ | ၆၆၅၀၅၆ |
| ၄။ | ပြင်သစ် | ၂၉၁၈၉၅၈၂ | ၂၈၂၆၇၉၃၅ | ၁၄၇၄၇၈ |
| ၅။ | ဂျာမနီ | ၂၅၈၀၉၆၆၄ | ၂၄၁၅၅၉၀၀ | ၁၃၈၀၀၇ |
| ၆။ | ဗြိတိန် | ၂၂၂၀၃၇၉၉ | ၂၁၇၃၄၁၈၆ | ၁၇၇၄၁၀ |
| ၇။ | ရုရှား | ၁၈၂၆၈၉၅၈ | ၁၇၆၅၈၅၄၂ | ၃၇၇၈၆၉ |
| ၈။ | တောင်ကိုရီးယား | ၁၇၈၃၀၄၂၉ | ၁၇၁၇၀၈၇၂ | ၂၃၇၇၁ |
| ၉။ | အီတလီ | ၁၇၀၇၁၆၄၉ | ၁၅၉၂၃၉၃၅ | ၁၆၅၃၄၆ |
| ၁၀။ | တူရကီ | ၁၅၀၅၅၅၇၆ | ၁၄၉၅၃၇၈၆ | ၉၈၉၀၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၉၉၉၆၅ | ၉၃၆၄၈၅၇ | ၄၃၀၇၁ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၁၂၀၅ | ၅၈၉၀၈၂၆ | ၁၅၆၄၈၁ |
| ၃။ | မလေးရှား | ၄၄၇၉၈၀၉ | ၄၄၁၃၃၁၀ | ၃၅၆၂၀ |
| ၄။ | ထိုင်း | ၄၃၈၂၉၇၇ | ၄၂၉၀၀၉၀ | ၂၉၅၃၃ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၈၂၉၂ | ၃၆၂၅၁၄၆ | ၆၀၄၅၈ |
| ၆။ | စင်ကာပူ | ၁၂၄၅၀၀၇ | ၁၁၆၉၈၈၃ | ၁၃၆၆ |
| ၇။ | မြန်မာ | ၆၁၃၁၆၈ | ၅၉၂၁၂၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၅၀၂ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၅၂၂၁ | ၁၄၃၂၉၅ | ၂၂၁ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၉၇ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း ခုနစ်တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၁၇

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်းနှင့် ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၁၂ ခုမှ Zibus Tablet ၁၃၃၂၅၀၊ Levowise Tablet ၁၀၂၇၀၊ Omebit Capsule ၇၀၃၃ ခု၊ Adplatin Injection ၈၀၀၊ OA Ofloxacin Tablet ၅၀၀၃ ခု၊ ABC Tablet ၆၈၈၈၀၊ Nectram Powder For Injection ၃၁၇၂၅ ခု၊ Emflozin Tablet ၂၉၅၈၀၊ Vibran Tablet ၂၂၉၅ ခု၊ Herceptin Infusion သုံးခု၊ Carditas Retard Tablet ၅၈၈၄၈ ခု၊ Rabium Tablet ၁၈၇၉၄ ခု၊ Emberta XR–25 Tablet ၉၇၂၇ ခု၊ Cetil Tablet ၁၇၃၆၀၊ Claminat Sachet ၄၂ ခု၊ Contiflo OD Capsule ၂၅၈၂၈ ခု၊ Roliten Tablet ၁၀၈၀၊ Encorate Chrono Tablet ၃၇၉၉ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၉ မျိုး စုစုပေါင်း ၈၀၂၃၅ ဒသမ ၇၄ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ညောင်တုန်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ညောင်တုန်း မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အရင်းအနှီးကုန်ကျငွေ တစ်စိတ်တစ်ဒေသကို သက်သာသည့် အတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံး၌ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ မိုးရာသီစိုက်ပျိုးစရိတ်ဘဏ်ချေးငွေများထုတ်ချေးရာတွင် ညောင်တုန်းမြို့နယ် ကတုဋ္ဌမကျေးရွာအုပ်စုမှ တောင်သူသုံးဦးသို့ ငွေကျပ် ၃၃ သိန်းဖြင့် လည်းကောင်း၊ ကညင်ကောက်ကြီးကျေးရွာအုပ်စုမှ တောင်သူ ၁၂၈ ဦးသို့ ငွေကျပ် ၁၂၃၁ ဒသမ ၅၀ သိန်းဖြင့် လည်းကောင်း၊ ညောင်ဝိုင်းကျေးရွာအုပ်စုမှ တောင်သူ ၁၆၂ ဦးသို့ ငွေကျပ် ၁၅၈၁ သိန်းဖြင့် လည်းကောင်း သက်သာသည့်အတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသည့် ကျေးရွာအုပ်စုများမှ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

ထက်ဝေဖြိုး(ပြန်/ဆက်)




## ကျောက်တံခါးမြို့၌ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

ကျောက်တံခါး မေ ၁၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယမန်နေ့က ကျောက်တံခါးမြို့ ရုံးပေါင်းစုံလမ်းရှိ မြို့နယ်အားကစားခန်းမ၌ ထုတ်ချေးပေးခဲ့သည်။



ထိုသို့ ထုတ်ချေးပေးရာတွင် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ရှမ်းဒိုးတန်းကျေးရွာအုပ်စုမှ တောင်သူ ၁၅၈ ဦး စိုက်ဧက ၁၀၅၉ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၅၈၈၅၀၀၀၀ အား တောင်သူများ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ဘဏ်ခွဲအနေဖြင့် ယခင်နှစ်မိုးချေးငွေနှင့် ကြွေးဟောင်း ကြွေးကျန်များ ပြေကျေသူများကို ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ချေးငွေပေးဆပ်ရန်ကျန်ရှိသည့် တောင်သူများအနေဖြင့် အမြန်ဆုံးပေးဆပ်ပါက ကြန့်ကြာမှုမရှိစေဘဲ အမြန်ဆုံးပြန်လည်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

## မော်လိုက်ခရိုင်၌ ဆီထွက်သီးနှံနေကြာကို ယခင်နှစ်ကထက် ဧက ၄၅၀၀ ကျော် တိုးချဲ့စိုက်ပျိုးမည်

စစ်ကိုင်း မေ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး၌ ဆီထွက်သီးနှံနေကြာကို ယခင်နှစ်ကထက် ဧက ၄၅၀၀ ကျော် တိုးချဲ့စိုက်ပျိုးရန် အားထုတ်လျက်ရှိကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးကံဆောင်ထံမှ သိရသည်။

"ဒီနှစ်မှာ မော်လိုက်ခရိုင်အတွင်း နေကြာသီးနှံကို ဧက ၁၀၅၀၀ အထိ တိုးချဲ့စိုက်မှာဖြစ်ပါတယ်။ မော်လိုက်မြို့နယ်မှာ ဧက ၇၀၀၀ နဲ့ ဖောင်းပြင်မြို့နယ်မှာ ဧက ၃၅၀၀ စိုက်ပျိုးမှာပါ။ အရင်မော်လိုက်ခရိုင်မှာ ဧက ၆၀၀၀ လောက်ပဲ နေကြာစိုက်ပါတယ်။ ထက်ဝက်လောက်ပိုစိုက်မှာပါ"ဟု ဦးကံဆောင်က ပြောသည်။

မော်လိုက်ခရိုင်တွင် စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးရာ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံနေကြာ၊ မြေပဲ၊ ပဲမျိုးစုံဖြစ်သည့် ပဲကြီး၊ ပဲကျား၊ မြေထောက်၊ စားတော်ပဲ၊ ပုဂံပဲစသည်များ အဓိကစိုက်ပျိုးပြီး ကျန်ပဲအနည်းငယ်လည်းစိုက်ပျိုးကြောင်း သိရသည်။

မော်လိုက်ခရိုင်အတွင်း မိုးစပါးဧက ၇၃၄၀၀ စိုက်ပျိုးရန်လျာထားပြီး ပြီးခဲ့သည့် နွေစပါးကို ဧက ၈၀၀၀ ကျော်စိုက်ခဲ့သည်။ ဆီထွက်သီးနှံနေကြာကို ဧက ၁၀၅၀၀၊ မြေပဲကို ဧက ၁၆၀၀၀ ခန့် စိုက်မည်ဖြစ်ပြီး နှမ်းသည်မိုးများသည့်အတွက် ဖြစ်ထွန်းမှုနည်းကြောင်း သိရသည်။

လူလေး

## မေဃရှေ့ဆောင်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများအား အစုပေါ်အမြတ်များ ထုတ်ပေး

မာန်အောင် မေ ၁၇

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မေဃရှေ့ဆောင်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်မှ အသင်းသားပြည်သူများသို့ အစုပေါ်အမြတ်ငွေများထုတ်ပေးသည့် အခမ်းအနားကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစုနှင့် မေဃရှေ့ဆောင်ငွေစုငွေချေးသမဝါယမအသင်းတို့မှ တာဝန်ရှိသူများ၊ အသင်းသားပြည်သူများ တက်ရောက်ခဲ့သည်။

ထို့နောက် အသင်းမှ အစုပေါ်အမြတ်ငွေကျပ် ၁၉ ဒသမ ၇၂ သိန်းကို အသင်းသားပြည်သူများအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### ပျောက်ဆုံးကြောင်း

မောင်ကျော်ထက်စိုး [၅/ဒပယ(နိုင်)၁၂၈၂၈၈]၏ ပတ်စပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၇၄၂၆၈၂၆

### ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၅-၂၀၂၂)ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၈)ပါ ဒေါ်သူဇာအောင်+၂ တရားလွှတ်တော်ရှေ့နေကြော်ငြာတွင် ဦးထင်လင်းဦး၏ မှတ်ပုံတင်နံပါတ်အား [၁၂/သကတ(နိုင်)၁၃၅၆၉၆]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### အမည်ပြောင်း

ဦးဝင်းနိုင်၏သမီးဖြစ်သူ Wisdom Hill Private High School (Lavender)မှ မဝင်းလက်ရည်မွန်အား "မဝင်းလက်သံသာ"ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

### ပျောက်ဆုံးကြောင်း

ဖြူမြတ်သွယ် [၁၄/ဖပန(နိုင်)၁၉၂၆၇၀]၏ OWIC ကတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၄၄၃၅၄၈

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀

ဒေါ်ချမ်းမြေ့အေး နှင့် ၁။ ဦးသန်းကြည်
၂။ ဦးမင်းကျော်
၃။ ဒေါ်မိုးမိုးထွန်း
၄။ ဒေါ်ယဉ်ယဉ်နွဲ့ } အတူနေမောင်နှမများ
၅။ ဒေါ်စန္ဒာဝင်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗေဒါ(၄)လမ်း၊ အမှတ်(၂၆၄)တွင် နေထိုင်သူ (၁) တရားပြိုင် ဦးသန်းကြည် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ချမ်းမြေ့အေးက **"ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု"** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက် (၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၂ ရက်)** မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သန္တာညွန့်)
တွဲဖက်မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဦးလွင်မြို့၊ ခုတင် ၃၀၀ ဆံ့ဆေးရုံကြီး၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) ဆေးဝါးများ(FDA အသိအမှတ်ပြု)
(ခ) ခွဲစိတ်ခွဲခန်းသုံးဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Comsumables)

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၁၁-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၆-၂၀၂၂ (သောကြာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြင်ဦးလွင်မြို့၊ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့**
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၇၀၅၂၅၆**
**၀၉-၄၀၀၄၃၆၈၈၀**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၆၄၁)+(၁၆၄၂)+(၁၆၄၃)၊ အကျယ်အဝန်း မြေကွက်တစ်ကွက်လျှင် ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်(၃)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလွင်မိုးသိန်း[၉/မထလ(နိုင်)၀၀၁၆၀၅]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆန်းဝင်း(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၀၈၉၁)**
**ရုံးခန်းအမှတ် (၅)၊ ပထမထပ်၊ Strand Condominium၊ အမှတ်(၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၀၆၈၀၈**

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာအမျိုးသားလေကြောင်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ် ရုံးသုံး စက်သုံးဆီ (PHSD)များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်နေ့ - ၂၀-၅-၂၀၂၂ ရက်
၃။ တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - ၃၀-၅-၂၀၂၂ ရက် **(ရုံးချိန်အတွင်း တင်သွင်းရန်)**
၄။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက် - ၃၁-၅-၂၀၂၂ ရက်
၅။ အသေးစိတ်သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**မြန်မာအမျိုးသားလေကြောင်း**
**ဈေးနှုန်းစိစစ်ဝယ်ယူရေးကော်မတီ**
**ဖုန်း-၀၁-၃၇၁၁၃၀၊ ၀၉- ၅၀၇၀၉၃၅**

### တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ဖြူနုအေး [၁၃/ကတန(နိုင်)၀၈၇၅၈၉] (ဘ)ဦးထွန်းအေးနှင့် ဦးရဲမင်းထွဋ် [၁၂/ဗဟန(နိုင်)၀၇၇၁၇၄] (ဘ) ဦးကျော်သူရတို့သည် ၄-၆-၂၀၁၆ ခုနှစ်မှစတင်ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာရာမှ စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ၂၃-၁၀-၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူနုအေး[၁၃/ကတန(နိုင်)၀၈၇၅၈၉]**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃-လမ်း၊ အမှတ်(၃၈)၊ (၃လွှာ)နေ အဖ ဦးသိန်းဟံ၊ အမိ ဒေါ်အမာစိန်တို့၏ သားဖြစ်သူ မောင်ဖြိုးမင်းသူ [၁၂/မဂတ(နိုင်)၁၀၄၇၃၇]သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ၊ ၎င်း၏သဘောဆန္ဒအတိုင်း ထင်ရာလုပ်နေပြီး မိဘအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အပြင် မိဘညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတို့၏ ဂုဏ်သိက္ခာကျဆင်းစေသော လုပ်ရပ်များ ပြုလုပ်လျက်ရှိနေပါသဖြင့် ၎င်းမောင်ဖြိုးမင်းသူအား အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောမည်သည့်ကိစ္စကိုမျှ တာဝန်မယူပါကြောင်း၊ မိဘညီအစ်ကို မောင်နှမများနှင့်လည်း လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်အမာစိန်**
**[၁၀/မလမ(နိုင်)၀၄၃၄၁၉]**

**လွှဲအပ်ချက်အရ-**
**ဒေါ်နီလာကျော်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၂၇၀)**
**အမှတ်-၁၀/၁၂၊ ပထမထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ကံဘဲ့၊ မြေကွက်အမှတ်-၁/ဠ၊ ဧရိယာ(၀.၁၂၄)ဧက၊ မြေအမျိုးအစား ဂရန်သက်ကုန်- ၃(ခ)ရပြီး၊ ဂရန်သက်ကုန် RSDO-20/1954-55(24-11-54)(23-11-84)ထိ စာအမှတ်-၁၇၆/ဈ-က 28.72 နေ့စွဲ 18-9-72အရ ၃(ခ)ရပြီး၊ မြေကွက်တည်နေရာအမှတ်(၁၃)၊ ပြည်တော်အေးလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ အမည်ပေါက် မောင်မြင့်သိန်း၊ မောင်မြင့်အောင်၊ မောင်မြင့်ဌေး၊ မကျင်လွမ်းနှင့် မကျင်ထွေး (အရွယ်မရောက်သေးသူများအတွက် အုပ်ထိန်းသူမောင်မြင့်သိန်း) မြေကွက်အား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ်-၁၁၅၂/၂၀၂၀(၂၅-၂-၂၀၂၀)ဖြင့် (၁)ဒေါ်မိမိထွန်း [၁၂/ရကန(နိုင်)၀၄၃၆၄၄]၊ (၂)ဒေါ်ခင်သွယ်သွယ်ထွန်း[၁၂/ရကန(နိုင်)၀၀၄၁၅၁]၊ (၃) ဦးထွန်းမြင့်ကျော်ကျော် [၁၂/ရကန(နိုင်)၀၅၇၃၅၅]၊ (၄) ဦးထွန်းမြင့်ဇော်ဇော် [၁၂/ရကန(နိုင်)၀၅၇၃၅၆]တို့ဖြစ်ပြီးအမှတ်စဉ် (၁)၊ (၃)၊ (၄)ထံမှ GP ရသူ ဒေါ်ခင်သွယ်သွယ်ထွန်း [၁၂/ရကန(နိုင်)၀၀၄၁၅၁] လျှောက်ထားသူ (ကိုယ်တိုင်)မှ မြေငှားဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်သက်တမ်းတိုး လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၂၃ ဆူ | ၄၉၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | ၁ ခု | - |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လှူ | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၄၄ ခန်း | ၄၁၁ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လှူ | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၀၆ တိုင် | ၇၄ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၀ ခု | ၅၆၂ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၀ ကျင်း | ၁၆၃၆. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဆီးဂိမ်း ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ပေါက်စ ဗိုလ်စွဲ

ရန်ကုန် မေ ၁၇

ဆီးဂိမ်း ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁၇ ရက် နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာဘိလိယက် ကစားသမား ပေါက်စ ဗိုလ်စွဲခဲ့သည်။

**ရွှေတံဆိပ်ဆုရယူနိုင်ခဲ့**

ပေါက်စသည် ဗိုလ်လုပွဲတွင် ဘိလိယက် တစ်ဦးချင်း ခြောက်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ဆုရှင် စင်ကာပူနိုင်ငံသား ပီတာဂေးလ်ခရစ်နှင့် တွေ့ဆုံခဲ့ပြီး ၃-၁ ပွဲဖြင့် အနိုင်ရကာ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပေါက်စသည် ယခုပြိုင်ပွဲတွင် ပြိုင်ဘက်ကောင်းများကို စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❐



ရွှေတံဆိပ်ရရှိခဲ့သည့် ပေါက်စအား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင် ဂုဏ်ပြုနေစဉ်။

## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ် ယနေ့ ကစားမည်



ရန်ကုန် မေ ၁၇

ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် အိမ်ရှင် ဗီယက်နမ်၊ ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မေ ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ထိုင်းနှင့် ဖိလစ်ပိုင်အသင်း၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင် ဗီယက်နမ်နှင့် မြန်မာအသင်းတို့ စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

## (၃၁)ကြိမ်မြောက် SEA Games အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်း အကြိုဗိုလ်လုပွဲယှဉ်ပြိုင်မှုအား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၇

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

အဆိုပါ အကြိုဗိုလ်လုပွဲများကို မေ ၁၈ ရက်တွင် ကျင်းပမည် ဖြစ်ရာ မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် အိမ်ရှင် ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်း၊ ထိုင်းအမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါ မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် အိမ်ရှင် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းတို့သည် မေ ၁၈ ရက် မြန်မာ စံတော်ချိန် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ထိုသို့ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၉၇ | ၆၀ | ၆၂ | ၂၁၉ |
| ထိုင်း | ၃၉ | ၄၁ | ၆၄ | ၁၄၄ |
| ဖိလစ်ပိုင် | ၃၃ | ၃၉ | ၅၀ | ၁၂၂ |
| စင်ကာပူ | ၂၈ | ၃၁ | ၃၇ | ၉၆ |
| အင်ဒိုနီးရှား | ၂၇ | ၃၉ | ၃၇ | ၁၀၃ |
| မလေးရှား | ၂၂ | ၂၆ | ၅၄ | ၁၀၂ |
| မြန်မာ | ၅ | ၆ | ၁၁ | ၂၂ |
| ကမ္ဘောဒီးယား | ၁ | ၄ | ၁၁ | ၁၆ |
| ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| လာအို | ၀ | ၂ | ၁၄ | ၁၆ |
| တီမောလက်စ်တေ | ၀ | ၁ | ၀ | ၁ |

**ယနေ့ ဖတ်စရာ**

**ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့ကျလာသည့်အတွက် နှစ်နှစ်ကျော်ကာလအတွင်း စာသင်ကျောင်းများ ပထမဆုံးပြန်လည်ဖွင့်လှစ်**

စာမျက်နှာ » ၁၃

**လားရှိုးမြို့၌ TNLA အဖွဲ့အမည်ခံ၍ ဆက်ကြေးကောက်ခံနေသူတစ်ဦးနှင့် ၎င်းနှင့် ပတ်သက်ဆက်နွယ်သူတစ်ဦးတို့အား ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅